မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၃ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

၁။ လွှတ်တော်ရုံးအသီးသီး၏ ပြင်ဆင်တိုးချဲ့သည့် ဖွဲ့စည်းပုံအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၅/၂၀၁၃) ၏ သဘောတူခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ သဘောတူခွင့်ပြုချက်အရ လွှတ်တော်ရုံး ပြည်သူ့လွှတ်တော်ဌာနနှင့် အမျိုးသားလွှတ်တော်ဌာနတို့ကို ရုပ်သိမ်း၍ ပြည်သူ့လွှတ်တော်ရုံး ဖွဲ့စည်းပုံကို အရာထမ်း (၄၀၆) နေရာ၊ အမှုထမ်း (၁၂၃၅) နေရာ၊ စုစုပေါင်း (၁၆၄၁) နေရာဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ရုံး ဖွဲ့စည်းပုံကို အရာထမ်း (၂၇၃) နေရာ၊ အမှုထမ်း (၇၈၀) နေရာ၊ စုစုပေါင်း (၁၀၅၃) ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၃။ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့၏ ပြင်ဆင်ဖွဲ့စည်းမှုကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစ၍ ဆောင်ရွက်ပြီး ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံအင်အား၏ ၅၀ ရာခိုင်နှုန်း (လက်ရှိဌာနအင်အားများ အပါအဝင်) အထိ ခန့်အပ်တာဝန်ပေးနိုင်သည်။

၄။ ပြည်ထောင်စုလွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စအဝဝကို လွှတ်တော်ရုံးက ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ရုံး ဖွဲ့စည်းမှုကို ဆက်လက်ထုတ်ပြန်မည်။

၅။ ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၀/၂၀၁၃) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

၁။ လွှတ်တော်ရုံးအသီးသီး၏ ပြင်ဆင်တိုးချဲ့သည့် ဖွဲ့စည်းပုံအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၅/၂၀၁၃) မှ သဘောတူခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ သဘောတူခွင့်ပြုချက်နှင့်အညီ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ “၂” ပုဒ်မခွဲ “ဋ” နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ “၂” ပုဒ်မခွဲ “ဋ” တို့အရ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့၏ ပြင်ဆင်ဖွဲ့စည်းမှုကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင် ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၅၀/၂၀၁၃) ဖြင့် ထုတ်ပြန်ပြီးဖြစ်ပါသည်။

၃။ သို့ပါ၍ လွှတ်တော်ရုံးရှိ အရာထမ်း/အမှုထမ်းများအား အောက်ပါအင်အားများအတိုင်း အောက်တိုဘာလ ၁ ရက်နေ့မှစ၍ လွှဲပြောင်းတာဝန်ထမ်းဆောင်စေလိုက်သည် -

(က) **ပြည်သူ့လွှတ်တော်ရုံး။** အရာထမ်း (၆၂) ဦး၊ အမှုထမ်း (၁၃၃) ဦး၊ အငယ်တန်းစာရေး နေ့စား (၁၉၄) ဦး၊ လုံခြုံရေး (အစောင့်) နေ့စား (၉) ဦး၊ ပေါင်း (၃၉၈) ဦး၊

(ခ) **အမျိုးသားလွှတ်တော်ရုံး။** အရာထမ်း (၅၄) ဦး၊ အမှုထမ်း (၁၂၇) ဦး၊ အငယ်တန်းစာရေး နေ့စား (၁၁) ဦး၊ ရုံးအကူနေ့စား (၁) ဦး၊ ပေါင်း (၁၉၃) ဦး။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

**ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀။) အား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀။ )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန် စီစဉ်ဆောင်ရွက်ရမည်။"

၃။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇ ပါ "ရဲတပ်ဖွဲ့အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်သည်" ဆိုသည့် စကားရပ်အား "ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၈ ပါ "ရဲတပ်ဖွဲ့အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်သည်" ဆိုသည့် စကားရပ်အား "ရဲတပ်ဖွဲ့အချုပ်စခန်းများကို အနည်းဆုံး ခြောက်လလျှင် တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

### ဆက်သွယ်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ဆက်သွယ်ရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ဆက်သွယ်ရေးဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၁။ )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဆက်သွယ်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုတို့ ပါဝင်သော နယ်နိမိတ်အတွင်းရှိ မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းနှင့်မဆို သက်ဆိုင်စေရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပရောက် မည်သည့်အရပ်ဒေသ၌မဆို ရှိနေသော မြန်မာနိုင်ငံသားများနှင့်လည်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆက်သွယ်ရေး (Telecommunication)** ဆိုသည်မှာ သတင်းအချက်အလက်တစ်ရပ်ရပ်ကို ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုးတစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသောလျှပ်စစ်သံလိုက်ဓာတ်ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ခ) **သတင်းအချက်အလက်**ဆိုသည်မှာ အချက်အလက်၊ မူရင်းစာ၊ ပုံရိပ်သဏ္ဌာန်၊ အသံ၊ သင်္ကေတ (Code)၊ လက္ခဏာသင်္ကေတ (Sign)၊ အချက်ပြသင်္ကေတ (Signal) နှင့် အချက်အလက်အစုအဝေး တစ်ရပ်ရပ်တို့အပြင် ယင်းတို့ တစ်ခုထက်ပို၍ ပေါင်းစည်းထားသောအရာများနှင့် အလားတူ ကိစ္စရပ်များကို ဆိုသည်။

(ဂ) **ကြိုးမဲ့ဆက်သွယ်ရေး**ဆိုသည်မှာ ထုတ်လွှင့်သည့် ကိရိယာနှင့် ဖမ်းယူသည့် ကိရိယာတို့အကြားတွင် ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသောလျှပ်ကူးကြိုးတစ်ခုခုကို အသုံးမပြုဘဲ သတင်းအချက်အလက်တစ်ရပ်ရပ်ကို ရေဒီယိုလှိုင်း၊ အလင်းတန်း၊ လျှပ်စစ်သံလိုက်ဓာတ်ထုတ်လွှတ်ခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဃ) **ဆက်သွယ်ရေးကွန်ရက်**ဆိုသည်မှာ ဆက်သွယ်ရေးနည်းပညာတစ်ခုခုကို အသုံးပြုပြီး ကွန်ရက် အထောက်အကူပြုပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်း၊ ကွန်ပျူတာ၊ ကွန်ပျူတာကဲ့သို့သော အလားတူ ပစ္စည်း၊ ယင်းတို့နှင့် တွဲဖက်အသုံးပြုနိုင်သည့်စနစ်နှင့်ပစ္စည်းကို ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ အချင်းချင်းချိတ်ဆက်အသုံးပြုသောစနစ်ကို ဆိုသည်။

(င) **အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်**ဆိုသည်မှာ ဆက်သွယ်ရေးပစ္စည်း ကနဦးချိတ်ဆက်သည့် နေရာကိုသော်လည်းကောင်း၊ သုံးစွဲသူတစ်ဦးဦးထံမှ သတင်းအချက်အလက်များ လက်ခံရရှိသော နေရာကိုသော်လည်းကောင်း၊ သုံးစွဲသူထံသို့ သတင်းအချက်အလက်ပေးပို့သော ကွန်ရက် အထောက်အကူပြုပစ္စည်း၏ နေရာကိုသော်လည်းကောင်း ဆိုသည်။

(စ) **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဆ) **ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်အထောက်အကူပြုပစ္စည်း တစ်ခုခုကို လက်ဝယ်ထားရှိပြီး ယင်းကွန်ရက်အထောက်အကူပြုပစ္စည်းကို ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိထားသူအား ငှားရမ်းခြင်း သို့မဟုတ် အဆိုပါကွန်ရက် အထောက်အကူပြုပစ္စည်းအပေါ်တွင် မိမိကိုယ်တိုင် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို ဆိုသည်။

(ဇ) **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ သတင်းအချက်အလက်ကို အပြန်အလှန်ပေးပို့ရေး အတွက် ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်း မပါဝင်။

(ဈ) **အသုံးချဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကွန်ရက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောကွန်ရက် များကို အသုံးပြု၍ ဝန်ဆောင်မှုပေးသောလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းတွင် အသုံးပြုသူ ဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့်လုပ်ငန်း မပါဝင်။

(ည) **ဆက်သွယ်ရေးပစ္စည်း**ဆိုသည်မှာ ဤဥပဒေအား အထောက်အကူပြုရန်အလို့ငှာ ဝန်ကြီးဌာနက သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကို ဆိုသည်။

(ဋ) **ဆက်သွယ်ရေးဈေးကွက်**ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုနှင့် သက်ဆိုင်သော ဈေးကွက်ကိုသော်လည်းကောင်း၊ ယင်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုနှင့် တွဲဖက်အသုံးပြုရသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် ဈေးကွက်ကိုသော်လည်းကောင်း ဆိုသည်။

(ဌ) **အချက်အလက်အကြောင်းအရာ**ဆိုသည်မှာ ဖန်တီးနိုင်သော၊ ပြုပြင်နိုင်သော၊ သိမ်းဆည်းထား နိုင်သော၊ ပြန်လည်ဖော်ထုတ်နိုင်သော သို့မဟုတ် အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ် ပေးပို့နိုင်သော စာသား၊ အသံ၊ ပုံရိပ်ငြိမ်နှင့် ပုံရိပ်ရှင်တို့ကိုသော်လည်းကောင်း၊ ယင်းတို့ကို အခြားသောရုပ်သံဖြင့် ပြန်လည်ဖော်ပြခြင်း၊ ထိတွေ့ခြင်းဖြင့် ဖော်ပြခြင်း သို့မဟုတ် တစ်နည်း နည်းဖြင့် ပေါင်းစပ်ဖော်ပြထားခြင်းကိုသော်လည်းကောင်း ဆိုသည်။

(ဍ) **ကွန်ရက်အထောက်အကူပြုပစ္စည်း**ဆိုသည်မှာ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက် ရာတွင် အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကိုသော် လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော်လည်းကောင်း ဆိုသည်။

(ဎ) **လှိုင်းနှုန်းစဉ်**ဆိုသည်မှာ ၃ ဟတ်ဇ်မှ ၄၂၀ တာရာဟတ်ဇ်လှိုင်းနှုန်းအထိ ပါဝင်သည့် စဉ်ဆက် မပြတ်သော လျှပ်စစ်သံလိုက်လှိုင်း၏ လှိုင်းနှုန်းစဉ်ကို ဆိုသည်။

(ဏ) **ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်**ဆိုသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း များတွင် ဆက်သွယ်ခေါ်ဆိုမှုအတွက် အသုံးပြုရန် သတ်မှတ်သော နိုင်ငံတော်၏ဆက်သွယ်ရေး နံပါတ်လျာထားသတ်မှတ်ချက်ကို ဆိုသည်။

(တ) **အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်**ဆိုသည်မှာ သတင်းအချက်အလက်ဆိုင်ရာ စနစ်များအကြား အပြန်အလှန်ဆက်သွယ်ရာတွင် အသုံးပြုရန် အက္ခရာ သို့မဟုတ် ဂဏန်း သို့မဟုတ် အက္ခရာနှင့်ဂဏန်းပေါင်းစပ်၍ အသုံးပြုသော အစီအစဉ်တကျဖော်ပြသည့် အီလက် ထရောနစ်လိပ်စာလျာထားသတ်မှတ်ချက်ကို ဆိုသည်။

(ထ) **ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုကို ဆက်သွယ်ရေးပစ္စည်းတစ်မျိုးမျိုး လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်းအတွက် ထုတ်ပေးသော ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ကို ဆိုသည်။

(ဒ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေအရ ထုတ်ပေးထားသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဓ) **လိုင်စင်**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ကို ဆိုသည်။

(န) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနလက်အောက်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဖ) **အယူခံခုံရုံး**ဆိုသည်မှာ ဝန်ကြီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အယူခံဝင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းထားသော ဆက်သွယ်ရေးဆိုင်ရာ အယူခံခုံရုံးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူ ပြုနိုင်ရန်၊

(ခ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍများတွင် ပြည်တွင်းပြည်ပမှ အခွင့်အလမ်းတူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများ ဆောင်ရွက်စေခြင်းဖြင့် အရည်အသွေးမြင့်မားပြီး သုံးစွဲသူတို့အား ထိုက်တန်စွာ ဝန်ဆောင်မှုပေးနိုင်မည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်၊

(ဂ) ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးဆိုင်ရာနည်းပညာနှင့်အတူ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်ပြီး အများပြည်သူဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန်၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်သူနှင့် အသုံးပြုသူတို့ကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(င) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေးကိစ္စများအတွက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် လိုင်စင်ရယူပြီးမှသာ အသုံးပြုခွင့်ရှိသော ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်နိုင်ရန်။

## အခန်း (၃)
## ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်

၅။ အောက်ဖော်ပြပါ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တည်ထောင်လုပ်ကိုင်လိုသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများသည် ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း၊

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း၊

(ဂ) အသုံးချဝန်ဆောင်မှုလုပ်ငန်း။

၆။ ဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခွင့်အတွက် ရွေးချယ်ခြင်းဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းများကို အများသိရှိစေရန် ထုတ်ပြန်ကြေညာပေးရမည်။

၇။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ လျှောက်ထားချက်ကို ပုဒ်မ ၆ အရ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၈။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၇ အရ တင်ပြချက်ကို ရရှိသည့်အခါ ပြည်တွင်းမှ လျှောက်ထားချက်ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူရန် လိုအပ်သောလုပ်ငန်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍သော်လည်းကောင်း၊ ထိုသို့ သဘောတူညီချက်ရယူရန် မလိုအပ်သော လုပ်ငန်းအတွက် ဝန်ကြီးဌာန၏အဆုံးအဖြတ်ဖြင့်သော်လည်းကောင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၇ အရ တင်ပြချက်ကို ရရှိသည့်အခါ ပြည်ပမှ လျှောက်ထားချက်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက် ရယူ၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုသည့်အခါ လုပ်ငန်းလိုင်စင်၏သက်တမ်းကို တစ်ကြိမ်လျှင် အနည်းဆုံး ၄းနှစ်မှ အများဆုံး အနှစ် ၂၀ အထိ လုပ်ကိုင်ရန် ခွင့်ပြုသည့် လုပ်ငန်းလိုင်စင်ထုတ်ပေးရေးအတွက် ဦးစီးဌာနသို့ ညွှန်ကြားရမည်။

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည် အပြည်ပြည်ဆိုင်ရာဆက်သွယ်ခေါ်ဆိုမှု၊ ချိတ်ဆက်မှုတို့အတွက် အပြည်ပြည်ဆိုင်ရာပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားလာပါလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ရယူပြီး ယင်းလုပ်ငန်းအတွက် သီးခြားသတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(င) လုပ်ငန်းလိုင်စင်သက်တမ်းတိုးပေးရန် လျှောက်ထားချက်ကို ဦးစီးဌာနက စိစစ်တင်ပြလာလျှင် သက်တမ်းတိုးရန် ခွင့်ပြုပေးနိုင်သည်။

၉။ ဦးစီးဌာနသည် ပုဒ်မ ၈ ပုဒ်မခွဲ (ဂ) အရ ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တည်ထောင်လုပ်ကိုင်ခွင့်ရရှိသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများအား သက်ဆိုင်ရာလုပ်ငန်းအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် ဥပဒေနှင့်အညီ ပြည်တွင်း၊ ပြည်ပ၊ ပုဂ္ဂိုလ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၁၁။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိထားသည့် အခြားသူတစ်ဦးဦးနှင့် အောက်ပါကိစ္စရပ်များအတွက် သဘောတူစာချုပ် ချုပ်ဆို၍ ဆောင်ရွက်နိုင်သည် -

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအချင်းချင်း ဤဥပဒေ အခန်း (၁၀) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်း၊

(ခ) ကွန်ရက်အထောက်အကူပြုပစ္စည်းများကို ခွဲဝေအသုံးပြုခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်တွင် သီးခြားဖော်ပြသတ်မှတ်ထားသည့် အခြားကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၁၂။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် လုပ်ငန်းလိုင်စင်သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

## အခန်း (၄)
## ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်

၁၃။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများသည် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင် ရယူပြီးမှသာ အသုံးပြုရန် ဝန်ကြီးဌာနက သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိလိုလျှင်ဖြစ်စေ၊ အသုံးပြုလိုလျှင်ဖြစ်စေ လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။ သို့ရာတွင် အောက်ပါတို့အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင် လျှောက်ထားရန်မလို -

(က) လုပ်ငန်းလိုင်စင်ရရှိသူက မိမိအသုံးပြုရန် ဝယ်ယူရင်းနှီးထားသော ဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ရရှိသူထံမှ ရယူထားသော ဆက်သွယ်ရေးပစ္စည်းကို လက်ဝယ်ထားရှိခြင်းနှင့် အသုံးပြုခြင်း။

၁၄။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၃ အရ သက်ဆိုင်ရာဆက်သွယ်ရေးပစ္စည်းအတွက် လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရာတွင် စည်းကမ်းချက်များနှင့် လိုင်စင်သက်တမ်းကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

## အခန်း (၅)
## လိုင်စင်ရရှိသူ၏တာဝန်များ

၁၅။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ အသုံးပြုခ၊ ဝန်ဆောင်ခတို့အပြင် နည်းပညာအရသော်လည်းကောင်း၊ အချိန်အခါလိုအပ်ချက်အရသော်လည်းကောင်း ကောက်ခံမည့် အခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။

(ဃ) သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာကျင့်စဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှု စံချိန်စံညွှန်းများကိုလည်းကောင်း၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ညွှန်ကြားချက်များကိုလည်းကောင်း လိုက်နာရမည်။

(င) လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် ထိခိုက်နစ်နာမှုမရှိစေရန် ဆောင်ရွက်ရမည်။

၁၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) ဤဥပဒေအရ သတ်မှတ်ခွင့်ပြုထားသည့် လှိုင်းနှုန်းစဉ်လျာထားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းလိုင်စင်မရရှိသေးသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို တိုးချဲ့လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ အခြားလုပ်ငန်းလိုင်စင်ရရှိသူနှင့် ဖက်စပ်လုပ်ငန်းလုပ်ကိုင်လိုလျှင်ဖြစ်စေ၊ ပူးပေါင်း၍လုပ်ကိုင်လိုလျှင်ဖြစ်စေ အခန်း (၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်ကို ထပ်မံရယူရမည်။

(ဂ) အခြားဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား စက်မှုပိုင်းဆိုင်ရာအရ အနှောင့်အယှက်ပြုကြောင်း စစ်ဆေးတွေ့ရှိချက်အရ သို့မဟုတ် အကြောင်းကြားချက်အရ လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်စေရန်ဖြစ်စေ၊ ယင်းဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အား ယာယီရပ်ဆိုင်းစေရန်ဖြစ်စေ ညွှန်ကြားသည့်အခါ လိုက်ဆောင်ရွက်ရမည်။

၁၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ထုတ်လွှင့်သော သို့မဟုတ် ဖမ်းယူသော သတင်းအချက်အလက်များ၊ အကြောင်းအရာများနှင့် သုံးစွဲသူပြည်သူတစ်ဦးချင်းစီ၏ လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များကို လုံခြုံစွာထိန်းသိမ်းထားရှိပြီး တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုထားသည့်ကိစ္စမှအပ သက်ဆိုင်ခြင်းမရှိသူအား ထုတ်ဖော်အသိပေးခြင်းမပြုရ။

၁၈။ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ရရှိသူသည် -

(က) မိမိပိုင်ဆိုင်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများအား လိုင်စင်တွင် သတ်မှတ်ပေးထားသည့်နေရာ၌သာ ထားရှိအသုံးပြုရမည်။

(ခ) လိုင်စင်အရ မိမိအား အသုံးပြုခွင့်ပေးထားသည့် ဆက်သွယ်ရေးစက်ပစ္စည်းမှတစ်ဆင့် နိုင်ငံတော်၏ လုံခြုံရေးကို မထိခိုက်စေရန် ဆောင်ရွက်ထားရှိမည်။

(ဂ) မိမိအသုံးပြုသည့် စက်ပစ္စည်းများနှင့်စပ်လျဉ်းပြီး ဦးစီးဌာနမှ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)
## လှိုင်းနှုန်းစဉ်နှင့် ဂြိုဟ်တုပတ်လမ်းကြောင်းတည်နေရာတို့ကို စီမံခန့်ခွဲခြင်း

၁၉။ ဝန်ကြီးဌာနသည် နိုင်ငံလုံးဆိုင်ရာလှိုင်းနှုန်းစဉ်ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး ကွန်ဗင်းရှင်းများနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ခွဲဝေသတ်မှတ်ပေးထားသော ဂြိုဟ်တုပတ်လမ်းကြောင်းတည်နေရာကိုလည်းကောင်း စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၀။ ဦးစီးဌာနသည် နိုင်ငံလုံးဆိုင်ရာလှိုင်းနှုန်းစဉ်လျာထားချက်ပါ လှိုင်းနှုန်းခွင်များအား ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများထံသို့ စည်းကမ်းချက်များ သတ်မှတ်၍ အသုံးပြုခွင့်ပေးနိုင်သည်။

## အခန်း (၇)
## ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာလျာထားသတ်မှတ်ချက်

၂၁။ ဦးစီးဌာနသည် ဝန်ကြီးဌာနက အတည်ပြုထားသော ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာ လျာထားသတ်မှတ်ချက်တို့ကို လိုက်နာအသုံးပြုရန် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားရမည်။

၂၂။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူအတွက် မိမိ၏ဆက်သွယ်ရေးဝန်ဆောင်မှုတွင် အသုံးပြုရန် ဆက်သွယ်ရေးနံပါတ်များနှင့် အီလက်ထရောနစ်လိပ်စာများကို စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်ပြီး အသုံးပြုခွင့်ပေးနိုင်သည်။

၂၃။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူက ဆက်သွယ်ရေးနံပါတ်နှင့် အီလက်ထရောနစ်လိပ်စာတို့ကို ပုဒ်မ ၂၁ အရ ညွှန်ကြားချက်နှင့်အညီ အသုံးပြုခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၈)
## နည်းပညာဆိုင်ရာစံချိန်စံညွှန်းများ

၂၄။ ဦးစီးဌာနသည် လိုင်စင်များနှင့်စပ်လျဉ်း၍ လုပ်ငန်းအလိုက် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်ထားရမည်။

၂၅။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာစံချိန်စံညွှန်းများကို လိုင်စင်ရရှိသူများက လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲရမည်။

၂၆။ ဦးစီးဌာနသည် ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း ပြုနိုင်ရန်အတွက် ကွန်ရက် အထောက်အကူပြုပစ္စည်းနှင့် ဆက်သွယ်ရေးပစ္စည်းအမျိုးအစားများ၏ စံချိန်စံညွှန်းကို သတ်မှတ်ရမည်။

၂၇။ ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်းပြုလုပ်လိုသူသည် မိမိထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုမည့် ကွန်ရက်အထောက်အကူပြုပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းအမျိုးအစား၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းထောက်ခံချက်ရရှိရန် သတ်မှတ်ထားသည့်အတိုင်း ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၈။ ဦးစီးဌာနသည် နည်းပညာဆိုင်ရာစံချိန်စံညွှန်းထောက်ခံချက် လျှောက်ထားလာခြင်းကို စိစစ်ပြီး ထောက်ခံချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၉)
## အသုံးပြုသူကို အကာအကွယ်ပေးခြင်း

၂၉။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ဆဲဝန်ဆောင်မှုအတွက်ဖြစ်စေ၊ ဆောင်ရွက်မည့် ဝန်ဆောင်မှုအသစ်အတွက် ဖြစ်စေ အဆိုပြုသည့် ဝန်ဆောင်ခနှုန်းထားကို ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် အဆိုပြုတင်ပြသည့် ဝန်ဆောင်ခနှုန်းထားများကို စိစစ်ပြီး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးရမည်။

၃၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) ခွင့်ပြုပေးထားသော ဝန်ဆောင်ခနှုန်းထားနှင့်အညီ ဝန်ဆောင်မှုလုပ်ငန်း များကို ဆောင်ရွက်ပေးရမည်။

(ခ) ခွင့်ပြုပေးထားသော ဝန်ဆောင်ခနှုန်းထားကို ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်လိုပါက ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမည်။

၃၁။ (က) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်း များကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုသူကို အကာအကွယ်ပေးသည့် စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်း

၃၂။ ဦးစီးဌာနသည် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းတို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် လိုအပ်သော စည်းကမ်းချက်များကို သတ်မှတ်ရမည်။

၃၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိသော အခြားသူတစ်ဦးအား ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အတွက် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြု ပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန်ဆက်သွယ်ခြင်းတို့ ပြုလုပ်နိုင်ရန် တောင်းဆိုလာလျှင် ယင်းတို့အချင်းချင်း သဘောတူညီချက်နှင့် ဦးစီးဌာန၏အတည်ပြုချက်တို့ဖြင့် ဆောင်ရွက်နိုင်သည်။

၃၄။ လုပ်ငန်းလိုင်စင်ရရှိသူအချင်းချင်းက မိမိ၏ကွန်ရက်အတွင်း ဝင်ရောက်ချိတ်ဆက်အသုံးပြုခွင့် ပြုရာ၌ -

(က) သာတူညီမျှမှုရှိစေပြီး ခွဲခြားနှိမ့်ချမှုမရှိစေရ၊ ကွန်ရက်အတွင်းရှိ မူလဝန်ဆောင်မှုအရည်အသွေး စံချိန်စံညွှန်းအောက် နိမ့်ကျမှုမရှိစေရ။

(ခ) အရည်အသွေးစံချိန်စံညွှန်းတို့ကို လိုအပ်ချက်အရ ဦးစီးဌာနက စစ်ဆေးလျှင် စစ်ဆေးမှုကို ခံယူ ရမည်။

## အခန်း (၁၁)
## ပြိုင်ဆိုင်မှုကို ဆန့်ကျင်သည့် လုပ်ဆောင်ချက်များအား တားမြစ်ခြင်း

၃၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဈေးကွက်အတွင်း လွတ်လပ်စွာပြိုင်ဆိုင်မှု သဘော သဘာဝကို ပျက်ပြားစေသည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမျှ လုပ်ဆောင်ခြင်းမပြုရ။

၃၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတို့နှင့် နားလည်မှုရယူဆောင်ရွက်ခြင်း၊ သဘောတူညီမှုရယူခြင်း၊ အစီအစဉ်များပြုလုပ်ခြင်း သို့မဟုတ် စာချုပ်ချုပ်ဆိုခြင်းများ မပြုလုပ်ရ -

(က) မိမိဆန္ဒအတိုင်း နှုန်းထားပြင်ဆင်သတ်မှတ်ရန် ဆောင်ရွက်ခြင်း၊

(ခ) ပြိုင်ဆိုင်မှုကို လျှော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် ဈေးကွက်အား ခွဲဝေရယူရန် ဆောင်ရွက်ခြင်း၊

(ဂ) ဆက်သွယ်ရေးပစ္စည်းထောက်ပံ့သူ၊ ရောင်းချသူတစ်ဦးဦးထံမှ ဝယ်ယူခြင်းမပြုရန် ဆောင်ရွက်ခြင်း၊

(ဃ) မိမိပြိုင်ဘက်တစ်ဦးဦးအား မတရားသောနည်းလမ်းဖြင့် ဆန့်ကျင်မှုပြုခြင်း။

၃၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိထံမှသော်လည်းကောင်း၊ အခြားသူတစ်ဦးထံမှသော်လည်းကောင်း ဆက်သွယ်ရေးပစ္စည်း သို့မဟုတ် ဆက်သွယ်ရေးဝန်ဆောင်မှုကိုသာ ရယူသုံးစွဲရေးအတွက် အသုံးပြုသူအား ချုပ်ချယ်ကန့်သတ်ခြင်းမပြုရ။

၃၈။ ဦးစီးဌာနသည် ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ တို့တွင် တားမြစ်ထားသော ဆက်သွယ်ရေးဈေးကွက် အတွင်း ပြိုင်ဆိုင်မှုကို ဟန့်တားသည့် လုပ်ဆောင်မှုများဖြစ်ပေါ်လာပါက ဝန်ကြီးဌာန၏သဘောတူခွင့်ပြုချက် ရယူကာ လုပ်ငန်းလိုင်စင်ရရှိသူကို ယင်းလုပ်ဆောင်မှုများကို ရပ်စဲရန် ညွှန်ကြားနိုင်သည်။

## အခန်း (၁၂)
## စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၃၉။ ဦးစီးဌာနသည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ ပြုရမည်။

(ခ) လိုင်စင်ရယူထားသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း၊ ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ စစ်ဆေးခြင်းအတွက် လိုအပ်ပါက သင့်လျော်သောပုဂ္ဂိုလ်များဖြင့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဦးစီးဌာနသည် -

(၁) လိုအပ်သောပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ လိုအပ်သော သတင်းအချက်အလက်နှင့် အထောက်အထားများ၊ စာရွက်စာတမ်းများနှင့် စာတမ်းအမှတ်အသားများကို တင်ပြစေခြင်းတို့ကို ပြုနိုင်သည်။

(၂) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သည့် အဆောက်အအုံနှင့်နေရာများ၊ စက်ပစ္စည်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း ပြုနိုင်သည်။

(၃) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ စာရင်းဇယားနှင့် စာရွက်စာတမ်းများ၊ စာတမ်းအမှတ်အသားများကို ကြည့်ရှုစစ်ဆေးခြင်း၊ ကောက်နုတ်ချက်ရယူခြင်းနှင့် မိတ္တူကူးခြင်းတို့ကို ပြုနိုင်သည်။

(၄) လုပ်ငန်းဆိုင်ရာစာရင်းဇယားများနှင့် စာတမ်းအမှတ်အသားများကို ပြုစုထားရှိခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်ပေးနိုင်သည်။

(ခ) ပုဒ်မ ၃၉ ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းသည့် စစ်ဆေးရေးအဖွဲ့သည် ဦးစီးဌာန၏လွှဲအပ်တာဝန်ပေးချက်အရ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၂) နှင့် (၃) တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၁၃)
## ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြုပြင်မွမ်းမံခြင်း

၄၁။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်းပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာမြေနှင့် အဆောက်အအုံပိုင်ရှင် သို့မဟုတ် ယင်းမြေနှင့် အဆောက်အအုံကို စီမံခန့်ခွဲခွင့်ရှိသူနှင့် ညှိနှိုင်း၍ ကာလသတ်မှတ်ချက်ပါဝင်သော နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်ရရှိသည့်နေရာတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) လုပ်ငန်းမြေနေရာမှာ သင့်လျော်မှု ရှိ မရှိ ရွေးချယ်ဆုံးဖြတ်နိုင်ရန်အလို့ငှာ ယင်းနေရာသို့ ဝင်ရောက်ခြင်း၊ စစ်ဆေးကြည့်ရှုခြင်း၊ တိုင်းတာခြင်း၊ အနိမ့်အမြင့်မှတ်တမ်းယူခြင်း၊ မြေနမူနာရယူခြင်း၊ ကျင်းတူးခြင်း၊ အပေါ်ယံမြေလွှာကို စစ်ဆေးခြင်းတို့ အပါအဝင် အခြားလိုအပ်သော ကိစ္စများကို ဆောင်ရွက်ခြင်း၊

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ အဆိုပါ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်တွင် လိုအပ်သော ကွန်ရက်အထောက်အကူပြုပစ္စည်း များကို နေရာချထားခြင်း၊ ထားရှိခြင်း၊ တပ်ဆင်ခြင်း၊ ချိတ်ဆက်ခြင်းနှင့် ပစ္စည်းလုံခြုံရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) ကွန်ရက်အထောက်အကူပြုပစ္စည်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ထိန်းသိမ်းထားရှိခြင်းနှင့် ပြုပြင်မွမ်းမံခြင်း။

၄၂။ လုပ်ငန်းလိုင်စင်ရရှိသူသည် ပုဒ်မ ၄၁ ပါ လုပ်ငန်းကိစ္စများ ဆောင်ရွက်ရန် သဘောတူညီမှုရရှိ ထားသည့် မြေနှင့်အဆောက်အအုံပိုင်ရှင်ပြောင်းလဲမှုဖြစ်ပေါ်ပါက အဆိုပါမြေနှင့်အဆောက်အအုံတွင် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်းတို့ကို ဆက်လက် ဆောင်ရွက်နိုင်ရေးအတွက် သဘောတူညီမှုရယူထားရမည်။

၄၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြောင်းလဲခြင်းနှင့် ဖယ်ရှားခြင်းများ ဆောင်ရွက်ရာတွင် အများပြည်သူအသုံးပြုသည့်လမ်း သို့မဟုတ် ယာဉ်လမ်းကြောင်း သို့မဟုတ် ရေလမ်းကြောင်း သို့မဟုတ် လေလမ်းကြောင်းတို့ကို အနှောင့်အယှက် သို့မဟုတ် အဟန့်အတားမဖြစ်စေရ။

၄၄။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ဖယ်ရှားခြင်းတို့အား ပြုလုပ်ရန်အလို့ငှာ ကြိုတင်လေ့လာဆန်းစစ်မှုများအတွက် ပိုင်ရှင်အား ကြိုတင်အသိ ပေးခြင်းမရှိဘဲ မည်သည့်မြေနေရာကိုမျှ ဝင်ရောက်ခြင်းမပြုရ။

၄၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုလုပ်ရာတွင် ထိခိုက်ပျက်စီးမှုနည်းပါးစေရန် လိုအပ်သည့် ကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်ရမည်။

၄၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိ၏ကွန်ရက်အထောက်အကူပြုပစ္စည်း တပ်ဆင်ခြင်း သို့မဟုတ် ထိန်းသိမ်းမွမ်းမံခြင်းပြုရာတွင် ပေါ့လျော့ခြင်း သို့မဟုတ် တမင်ပျက်ကွက်ခြင်းကြောင့် တစ်ဦးတစ်ယောက် သောသူအား ထိခိုက်ဒဏ်ရာရရှိစေခြင်း၊ သေဆုံးခြင်း သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးစေခြင်း ဖြစ်လျှင် ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် နစ်နာသူသည် လုပ်ငန်းလိုင်စင်ရရှိသူထံမှ သတ်မှတ်ချက်နှင့်အညီ လျော်ကြေးရထိုက်ခွင့်ရှိသည်။

၄၇။ ဤဥပဒေအရ လိုင်စင်ရရှိသူသည် လမ်းမကြီး၊ လမ်း၊ ရထားလမ်း၊ မြစ်၊ တူးမြောင်း၊ အခြားသော ရေလမ်း၊ ရေသွင်းစိုက်ပျိုးရေးစနစ်၊ ရေမြောင်း၊ ရေပေးရေးစနစ်၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဆိပ်ကမ်းလုပ်ငန်း သို့မဟုတ် အခြားသော အများပြည်သူနှင့်သက်ဆိုင်သည့် သို့မဟုတ် ပုဂ္ဂလိကနှင့်သက်ဆိုင်သည့်လုပ်ငန်း များကို ထိခိုက်စေနိုင်သည့် လုပ်ငန်းတစ်စုံတစ်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် မြေပေါ် မြေအောက်တို့တွင် ကွန်ရက်အထောက်အကူပြုပစ္စည်းများကို အသုံးပြုပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း အတွက် ကွန်ရက်အထောက်အကူပြုပစ္စည်းများ ထူထောင်ခြင်းပြုရာတွင် လူနှင့်ပစ္စည်းတို့၏ လုံခြုံရေးကို အလေးဂရုပြု၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ ဦးစီးဌာနသည် ဆောက်လုပ်ဆဲ သို့မဟုတ် ဆောက်လုပ်ပြီး အဆောက်အအုံနှင့် မြေကွက်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှု သို့မဟုတ် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုအတွက် လိုအပ်သည်ဟု ယူဆလျှင် သော်လည်းကောင်း၊ အဆောက်အအုံနှင့်မြေကွက်အတွင်းရှိ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း၏ အရည်အသွေး အား မြှင့်တင်ပေးရန် လိုအပ်သည်ဟု ယူဆလျှင်သော်လည်းကောင်း -

(က) အရင်းအနှီးစိုက်ထုတ်သူ သို့မဟုတ် အဆောက်အအုံနှင့် မြေပိုင်ရှင်အား ၎င်း၏အဆောက်အအုံ အတွင်း သို့မဟုတ် အပေါ်တွင်ဖြစ်စေ၊ မြေကွက်တွင်ဖြစ်စေ ကွန်ရက်အထောက်အကူပြုပစ္စည်း

များကို သတ်မှတ်ထားသည့်အချိန်အတွင်း တပ်ဆင်နိုင်ရေးအတွက် နေရာပေးရန် သက်ဆိုင်ရာ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

(ခ) သတ်မှတ်ထားသည့်အချိန်အတွင်း ကွန်ရက်အထောက်အကူပြုပစ္စည်းကို တပ်ဆင်ပေးရန် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားနိုင်သည်။

(ဂ) ကွန်ရက်အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ရာတွင် ကုန်ကျမည့်စရိတ်ငွေကြေးများကို လုပ်ငန်းလိုင်စင်ရရှိသူက အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ကျခံရန် ညွှန်ကြားနိုင်သည်။

၄၉။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူများ၏ ကွန်ရက်အထောက်အကူပြုပစ္စည်းများ တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းတို့တွင် မလိုအပ်ဘဲ ဘဏ္ဍာငွေကြေးကုန်ကျမှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို စီမံခန့်ခွဲပေးနိုင်သည်။

## အခန်း (၁၄)
## အငြင်းပွားမှုများကို ဖြေရှင်းခြင်း

၅၀။ လုပ်ငန်းလိုင်စင်ရရှိသူများသည် -

(က) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ရာတွင်ဖြစ်စေ အငြင်းပွားမှုပေါ်ပေါက်သည့်အခါ အချင်းချင်းညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိပါက ထိုအငြင်းပွားမှုကို ဦးစီးဌာနသို့ တင်ပြနိုင်သည်။

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းများကို ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် ချိတ်ဆက်အသုံးပြုခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်းတို့ ဆောင်ရွက်ရာတွင် အငြင်းပွားမှုပေါ်ပေါက်ပါက ဦးစီးဌာနသို့ တင်ပြနိုင်သည်။

၅၁။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်ရရှိသူအချင်းချင်း အငြင်းပွားမှုနှင့်စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးရန် ပုဒ်မ ၅၀ အရ တင်ပြချက်ကိုသော်လည်းကောင်း၊ ထိုသို့တင်ပြခြင်းမရှိသော်လည်း အငြင်းပွားမှုမှာ အများပြည်သူအကျိုးစီးပွားကို ထိခိုက်နစ်နာစေနိုင်လျှင်သော်လည်းကောင်း စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးရမည်။

၅၂။ (က) ပုဒ်မ ၅၁ အရ ဦးစီးဌာနက စေ့စပ်ညှိနှိုင်းဆုံးဖြတ်ပေးချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် -

(၁) ဆက်သွယ်ရေးဆိုင်ရာနည်းပညာနှင့်သက်ဆိုင်သည့်ကိစ္စဖြစ်ပါက ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(၂) ဆက်သွယ်ရေးဆိုင်ရာနည်းပညာနှင့် သက်ဆိုင်ခြင်းမရှိသည့်ကိစ္စဖြစ်ပါက မိမိ၏နစ်နာမှုအတွက် သက်သာခွင့်နှင့် အခွင့်အရေးများကို ရရှိရန် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာတရားရုံးတွင် တောင်းဆိုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ အယူခံခြင်းအပေါ် ဝန်ကြီးဌာနသည် -

(၁) လိုအပ်သောစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည်။

(၂) ဦးစီးဌာန၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၄၅ ရက်အတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အယူခံခုံရုံးသို့ အယူခံနိုင်သည်။

## အခန်း (၁၅)
## အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း

၅၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ရယူသုံးစွဲခွင့်ရရှိစေရန်အတွက် နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသေးသည့် နယ်မြေဒေသများ (underserved area) တွင် အခြေခံဆက်သွယ်ရေးအဆောက်အအုံ တိုးချဲ့တည်ဆောက်နိုင်စေရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့်အစီအစဉ်များ ချမှတ်ရန် ဦးစီးဌာနအား ညွှန်ကြားနိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းရေးအစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံဆက်သွယ်ရေး လိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိပြီး ရန်ပုံငွေကို ကြီးကြပ်ရမည်။

၅၅။ ဦးစီးဌာနသည် ပုဒ်မ ၅၄ အရ တည်ထောင်ထားသည့် ရန်ပုံငွေကို အသုံးပြု၍ အများပြည်သူ အကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်းအစီအစဉ်များ အကောင် အထည်ဖော်ရာတွင် ကြီးကြပ်ရမည်။

၅၆။ ဦးစီးဌာနသည် ပုဒ်မ ၅၅ ပါ အောက်ပါအစီအစဉ်များ ချမှတ်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည် -

(က) ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသေးသည့် နယ်မြေဒေသများကို သတ်မှတ်ခြင်း၊

(ခ) အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း ဆိုင်ရာရည်မှန်းချက် (universal target) ချမှတ်ခြင်း၊

(ဂ) လိုင်စင်ရသူများမှ လိုက်နာဖြည့်ဆည်းပေးရမည့် အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်းဆိုင်ရာတာဝန်ဝတ္တရားများ (universal service obligation) သတ်မှတ်ခြင်း။

## အခန်း (၁၆)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၅၇။ ဦးစီးဌာနသည် လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ အခန်း (၅) ပါ တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၃၈ အရ ညွှန်ကြားချက်ကိုဖြစ်စေ၊ ပုဒ်မ ၅၁ အရ ဦးစီး ဌာန၏ စေ့စပ်ညှိနှိုင်းဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပုဒ်မ ၅၂ ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်ကို ဖြစ်စေ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၈။ (က) ဦးစီးဌာနက ပုဒ်မ ၅၇ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို မကျေနပ် သူသည် ယင်းအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံ နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံခြင်းအပေါ် ဝန်ကြီးဌာနသည် -

(၁) လိုအပ်ပါက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်သည်။

(၂) ဦးစီးဌာန၏အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၁၇)

## အယူခံခုံရုံးဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း

၅၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဝန်ကြီးဌာန၏ ဤဥပဒေအရ ချမှတ်သည့် အငြင်းပွားမှုအပေါ် စီမံခန့်ခွဲမှုဆိုင်ရာဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ နစ်နာသူက တင်ပြလာသည့်အခါတွင် ထပ်မံ၍ အယူခံနိုင်ခွင့်ရရှိစေမည့် အယူခံခုံရုံးကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) အယူခံခုံရုံးကို ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်ကိုးဦးထက်မပိုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆၀။ အယူခံခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) အယူခံခုံရုံးဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် အနည်းဆုံး ငါးနှစ်ဆောင်ရွက်ခဲ့သူ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။

(ခ) အယူခံခုံရုံးအဖွဲ့ဝင်များသည် ဆက်သွယ်ရေးဆိုင်ရာနည်းပညာရပ်၊ ဥပဒေပညာရပ်၊ စီးပွားရေးပညာရပ်တို့နှင့်စပ်လျဉ်း၍ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ကျွမ်းကျင်သူပညာရှင်များ ဖြစ်ရမည်။

၆၁။ (က) အယူခံခုံရုံးသည် ကြားနာမည့်နေ့ရက်ကို ကြိုတင်ကြေညာ၍ သတ်မှတ်သည့်နေ့ရက်တွင် ကြားနာရမည်။

(ခ) တင်ပြချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတို့၏လျှောက်လဲချက်ကို ကြားနာနိုင်သည်။

(ဂ) အပြီးသတ်ဆုံးဖြတ်ချက်ကို ဆောလျင်စွာချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) အယူခံခုံရုံး၏ အပြီးသတ်ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

၆၂။ အယူခံခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၆၃။ အယူခံခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၆၄။ အယူခံခုံရုံး၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အပြီးသတ်ဆုံးဖြတ်ချက်အစီရင်ခံစာ တင်ပြီးသည့်ကာလအထိသာဖြစ်သည်။

## အခန်း (၁၈)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၆၅။ မည်သူမဆို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ဆက်သွယ်ရေးကွန်ရက်အတွင်းသို့ ယင်း၏ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲခွင့်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နှောင့်ယှက်ခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်ကိုဖြစ်စေ၊ မူလအနေအထားကိုဖြစ်စေ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ခ) ဆက်သွယ်ရေးကွန်ရက်ကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ ဗိုင်းရပ်စ် သို့မဟုတ် အခြားနည်းလမ်း တစ်ခုခုဖြင့် ဝင်ရောက်စေခြင်း၊

(ဂ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ငွေကြေးနှင့်ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း၊

(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာ သုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။

၆၇။ မည်သူမဆို လိုင်စင်ရယူပြီးမှသာ အသုံးပြုရန်သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းတစ်ခုခုကို လိုင်စင်မရှိဘဲ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးမဖြောင့်သောသဘောဖြင့် ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ ပို့လွှင့်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပေးဝေခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) သတင်းအချက်အလက်ပို့လွှင့်ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်း၊ ပေးဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ခွင့်ပြုချက်မရှိဘဲ တားမြစ်ခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊

(ဂ) ဦးစီးဌာန၏သဘောတူညီချက်ဖြင့် တားမြစ်ထားသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့်နေရာအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းလိုင်စင် ရရှိသူက တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား တာဝန်ဝတ္တရားထမ်းဆောင်မှုကို တားမြစ်ခြင်း၊ တားဆီးပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း။

၆၉။ မည်သူမဆို ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းကိစ္စနှင့် တရားရုံးအမိန့်အရ ထုတ်ဖော် ပြသရန် ခွင့်ပြုထားသည့်ကိစ္စများမှအပ ယုံကြည်စိတ်ချရသောစနစ်ဖြင့်ဖြစ်စေ၊ လျှို့ဝှက်စနစ်ဖြင့်ဖြစ်စေ ထားရှိသော သတင်းအချက်အလက်ကို ယင်းတို့နှင့်သက်ဆိုင်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးသို့ တစ်နည်း နည်းဖြင့် ထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ လိုင်စင်ရရှိသူ မည်သူမဆို သတ်မှတ်ထားသော နည်းပညာဆိုင်ရာစံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော ကွန်ရက်အထောက်အကူပြုပစ္စည်းကိုဖြစ်စေ၊ ဆက်သွယ်ရေးပစ္စည်းကိုဖြစ်စေ အသုံးပြုကြောင်း၊ လက်ဝယ် ထားရှိကြောင်း၊ ဖြည့်ဆည်းပေးကြောင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ဤဥပဒေအရ ဦးစီးဌာနကသော်လည်းကောင်း၊ ဦးစီးဌာနက ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကသော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းပြုလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

## အခန်း (၁၉)

## အထွေထွေ

၇၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍနှင့်သက်ဆိုင်သည့် နည်းပညာစံချိန်စံညွှန်းကိစ္စများ၊ လိုင်းနှုန်းစဉ်များ စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စများ၊ အသုံးပြုသူကို အကာအကွယ်ပေးခြင်းဆိုင်ရာကိစ္စများ၊ နိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍတိုးတက်စေရေးအတွက် မဟာဗျူဟာများချမှတ်ခြင်း စသည့် ကိစ္စများတွင် အကြံပြုပေးနိုင်ရေးအတွက် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြေညာချက် ထုတ်ပြန်ပြီး ဝန်ကြီး သို့မဟုတ် ဝန်ကြီးမှ တာဝန်ပေးအပ်သူက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ အသုံးပြုသူများ၊ ကျွမ်းကျင်သူပညာရှင်များ၊ ဦးစီးဌာန စသည်တို့မှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် အမျိုးသားဆက်သွယ်ရေးအကြံပေးကော်မတီကို ဖွဲ့စည်းရမည်။ ကော်မတီ၏လုပ်ငန်းတာဝန်များကို သီးခြားပြဋ္ဌာန်းပေးရမည်။

၇၅။ နိုင်ငံတော်လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသော မည်သည့်သတင်းအချက်အလက်နှင့်ဆက်သွယ်မှုများကိုမဆို ရရှိနိုင်ရေးအတွက် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မထိခိုက်စေဘဲ ပြည်ထောင်စုအစိုးရအဖွဲ့က သက်ဆိုင်ရာအဖွဲ့အစည်းသို့ လိုအပ်သလို ညွှန်ကြားဆောင်ရွက်နိုင်သည်။

၇၆။ ဝန်ကြီးဌာန သို့မဟုတ် ယင်းက တာဝန်ပေးအပ်သော ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စများအတွက်သော်လည်းကောင်း၊ အများပြည်သူများ၏အကျိုးအတွက်သော်လည်းကောင်း လုပ်ငန်းလိုင်စင်ရရှိသူတစ်ဦးဦးက လုပ်ကိုင်လျက်ရှိသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အတွင်း ဝန်ဆောင်မှုပြုလုပ်နေမှုကို လိုအပ်ပါက ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် စာတမ်းအမှတ်အသားတို့ကို တင်ပြစေခြင်းပြုနိုင်သည်။

၇၇။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် အခြေအနေပေါ် ပေါက်သည့်အခါ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား ယာယီရပ်ဆိုင်းရေး၊ ဆက်သွယ်မှုအမျိုးအစားတစ်ရပ်ရပ်ကို မပြုလုပ်ရေး၊ တားဆီးထိန်းသိမ်းထားရှိရေး၊ လိုအပ်သည့် သတင်းအချက်အလက်နှင့်ဆက်သွယ်မှုများကို ရရှိနိုင်ရေး၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ရေးပစ္စည်းများကို ယာယီထိန်းချုပ်သုံးစွဲရေးတို့အတွက် လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားနိုင်သည်။

၇၈။ လိုင်စင်ရရှိသူသည် ပုဒ်မ ၇၇ ပါ ကိစ္စရပ်များအနက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အား လုံခြုံရေးဆိုင်ရာကိစ္စအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးကို ကြိုတင်စီမံဆောင်ရွက်ထားရှိရမည်။

၇၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၈၀။ (က) ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈၁။ ဝန်ကြီးဌာနသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ လှိုင်းနှုန်းစဉ်အသုံးပြုခ၊ ဆက်သွယ်ရေးနံပါတ်သတ်မှတ်ချက်နှင့် အီလက်ထရောနစ်လိပ်စာသတ်မှတ်ချက်တို့အတွက် အခကြေးငွေနှင့် ရက်လွန်ကြေးတို့ကို သတ်မှတ်ရမည်။

၈၂။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက်၊ လိုင်စင်နှင့် ထောက်ခံချက်တို့ကို ရယူခြင်းမှလည်းကောင်း၊ လိုအပ်ပါက အခကြေးငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်း အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကင်းလွတ်ခွင့် ပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော်အရေးပေါ်အခြေအနေနှင့် ဆက်နွှယ်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရန်မလိုဘဲ ဆောင်ရွက်နိုင်သည်။ ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၈၃။ ဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ၊ လုပ်ငန်းဆိုင်ရာကျင့်စဉ်များနှင့် လိုအပ်သော စံချိန်စံညွှန်းများကို ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၈၄။ ဦးစီးဌာနသည် -

(က) နိုင်ငံတော်က လက်ခံအတည်ပြုထားသော အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးကွန်ဗင်းရှင်းများနှင့်အညီ ဆက်သွယ်ရေးနည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာစာမေးပွဲများကို သတ်မှတ်ချက်များနှင့်အညီ စီစဉ်ကျင်းပပြီး အောင်လက်မှတ်များ ထုတ်ပေးနိုင်သည်။

၈၅။ The Myanmar Telegraph Act, 1885 နှင့် The Myanmar Wireless Telegraphy Act, 1934 တို့အရ -

(က) ထုတ်ပေးထားသည့်သက်တမ်းမကုန်ဆုံးသေးသောလိုင်စင်ကို ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုလိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့အထိသာ အတည်ဖြစ်စေရမည်။ ထိုလိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ ဤဥပဒေနှင့်အညီ လိုင်စင်လျှောက်ထားရယူရမည်။

( ခ ) ထုတ်ပြန်ခဲ့သောနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦး ဦးဆောင်သည့် လွတ်လပ်သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်တစ်ရပ်ကို ဤဥပဒေအာဏာတည်သည့်နေ့မှ နှစ်နှစ်အတွင်း သတ်မှတ်ဖွဲ့စည်းရမည်။

၈၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာစကားရပ် တစ်ခုခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းပေးရန် လိုအပ်လာပါက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၈၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၈၉။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Myanmar Telegraph Act, 1885.

( ခ ) The Myanmar Wireless Telegraphy Act, 1934.

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

**တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂။ )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဦးဆောင်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ကို ဆိုသည်။

(ဂ) **လုပ်ငန်းအဖွဲ့**ဆိုသည်မှာ ဦးဆောင်အဖွဲ့က ဖွဲ့စည်းပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့အသီးသီးကို ဆိုသည်။

(ဃ) **တောင်သူလယ်သမား**ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့်ကိုက်ညီသူကို ဆိုသည် -

(၁) မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက်လုပ်ကိုင်ခဲ့သူ၊

(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီးမတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်နွှယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို

အသုံးပြု၍သော်လည်းကောင်း ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များကိုယ်တိုင် ထုတ်လုပ်ရောင်းချသူ။

( င ) **လုပ်ကွက်ငယ်**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်သည့် လုပ်ကွက်ငယ်ကို ဆိုသည်။

( စ ) **လယ်ယာထုတ်ကုန်**ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော ထုတ်ကုန်ပစ္စည်းကို ဆိုသည်။

(ဆ) **သွင်းအားစု**ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အချိန်အထိ ကုန်ကျစရိတ်များ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများအားလုံးကို ဆိုသည်။

( ဇ ) **လယ်ယာကုန်ထုတ်အရင်းအနှီး**ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အချိန်အထိ ရင်းနှီးမြှုပ်နှံထားရသည့် သွင်းအားစုများ အပါအဝင် လယ်ယာမြေများ၊ ပြုစုကန်များ၊ ငါးမွေးကန်များ၊ မွေးမြူရေးခြံများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် အသုံးချပစ္စည်းကိရိယာများအားလုံးကို ဆိုသည်။

(ဈ) **လယ်ယာမြေ**ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်ပန်းမန်စိုက်ပျိုးသည့်ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့်ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သောချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊

( ခ ) ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

( ဂ ) လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊

(ဃ) လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာဆောင်ရွက်ရန်၊

( င ) သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန်။

## အခန်း (၃)
## တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ကို ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊

(ခ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။

၅။ ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသောသီးနှံများကို လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသောသီးနှံ ပုံစံမှန်ကန်စွာရွေးချယ်စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သည့်အချိန်၌ ချေးငွေနှင့်အကူအညီများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) လယ်ယာထုတ်ကုန်များကို ပြည်တွင်း၌ လွတ်လပ်စွာသယ်ယူရောင်းချခွင့်နှင့် ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ခြင်း၊

(င) စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာနှင့်သွင်းအားစုတို့ကို ပံ့ပိုးကူညီခြင်း၊ သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးခြင်း၊

(စ) တောင်သူလယ်သမားများအား လယ်ယာထုတ်ကုန်များကို အာမခံထားသည့်စနစ်၊ ကုန်လှောင်ရုံများတွင် အပ်နှံသည့်စနစ်၊ သီးနှံအပေါင်ထားသည့်စနစ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်တို့နှင့် အလေ့အကျင့်များ ရရှိစေရန် အားပေးကူညီခြင်း၊

(ဆ) တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့်ဈေးနှုန်း ရရှိစေရန် ဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဇ) လယ်ယာထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဖက်နိုင်ငံများထံမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေးကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လယ်ယာထုတ်ကုန်အမျိုးအစားအလိုက် ဖွဲ့စည်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာထုတ်ကုန်ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာသတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် အချိန်မီသိရှိရန် ဆက်စပ်ဆောင်ရွက်ခြင်း၊

(ည) တောင်သူလယ်သမားများ၏ အခွင့်အရေးများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးတို့နှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် အကာအကွယ်ပေးခြင်း၊

(ဋ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားကို အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များရှိပါက ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဌ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားသောအကြောင်းများကြောင့်သော်လည်းကောင်း လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံထိခိုက်ပျက်စီးမှုများကြုံတွေ့ရသော လုပ်ကွက်ငယ်တောင်သူလယ်သမားအား အထူးဦးစားပေးကူညီထောက်ပံ့ခြင်း၊

(ဃ) မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စု နယ်မြေဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း။

၆။ ဦးဆောင်အဖွဲ့သည် -

(က) လိုအပ်ပါက လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ် နိုင်သည်။

(ခ) လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က တင်ပြသော ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့် အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၇။ ဦးဆောင်အဖွဲ့သည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းတို့မှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ အခြားလုပ်ငန်းဆိုင်ရာအတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း (၄)
## တောင်သူလယ်သမား အခွင့်အရေးကာကွယ်ခြင်းနှင့် အကျိုးစီးပွားမြှင့်တင်ခြင်း

၈။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများအား အောက်ပါ အခွင့်အရေးများကို ရရှိစေရန် ညှိနှိုင်းကူညီဆောင်ရွက်ပေးရမည် -

(က) နိုင်ငံတော်၏အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့ လယ်မြေ ပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့်သီးနှံကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးခွင့်၊

(ခ) သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေများ ချေးယူခွင့်၊

(ဂ) လယ်ယာထုတ်ကုန်များကို လွတ်လပ်စွာသယ်ယူခွင့်နှင့် ရောင်းချခွင့်၊

(ဃ) လယ်ယာထုတ်ကုန်များကို အာမခံထားရှိခွင့်၊

(င) တည်ဆဲဥပဒေများနှင့်အညီ တောင်သူလယ်သမားအသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်။

၉။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ ရသင့်ရထိုက်သော အောက်ပါအခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဆောင်ရွက်ပေးရမည် -

(က) တောင်သူလယ်သမား အခွင့်အရေးကာကွယ်စောင့်ရှောက်ရန် ဥပဒေနှင့်အညီ လိုအပ်သလို ဆက်စပ်ဆောင်ရွက်ပေးခြင်း၊

(ခ) တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ရရှိစေရေးနှင့် မြေယာနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(ဂ) တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော တရားမျှတမှုမရှိသည့် မြေယာသိမ်းဆည်းခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်း၊

(င) လယ်ယာလုပ်သားများ၏ ရထိုက်သောအခွင့်အရေးများကို အပြည့်အဝရရှိစေရန် ကူညီဆောင်ရွက် ပေးခြင်း။

၁၀။ ဦးဆောင်အဖွဲ့သည် လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ထိရောက်စွာကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိရောက်စွာမြှင့်တင်နိုင်ရန် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သောနည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဆက်စပ်ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

၁၂။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေရရှိမှု၊ ကုန်ထုတ်လမ်းများ ဖော်ထုတ်ဆက်သွယ်မှုတို့ကို နိုင်ငံတစ်ဝန်းမျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားစီမံကိန်း ချမှတ်ပြီး ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

## အခန်း (၅)
## ချေးငွေနှင့်အကူအညီများပေးခြင်း

၁၃။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီးရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများကိုပြည်ထောင်စုရန်ပုံငွေဘောင်အတွင်းမှ ထုတ်ချေးခြင်း၊ လိုအပ်သော အကူအညီနှင့် အထောက်အပံ့များပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

၁၄။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၁၃ အရ ချေးငွေများ ထုတ်ချေးရာတွင် ထုတ်ချေးမည့်ငွေပမာဏ၊ သက်သာသောအတိုးနှုန်း၊ ပြန်ဆပ်ရမည့်ကာလနှင့် စည်းကမ်းချက်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၁၅။ ဦးဆောင်အဖွဲ့သည် ချေးငွေများနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများ၏လုပ်ငန်းအတွက် အရင်းအနှီးလိုအပ်ချိန်တွင် ထုတ်ချေးနိုင်ရေးအတွက်လည်းကောင်း၊ လယ်ယာထုတ်ကုန်များ ရောင်းချနိုင်သည့် သီးနှံပေါ်ချိန်၊ ငွေပေါ်ချိန်တွင် ပြန်လည်ပေးဆပ်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာစိုက်ပျိုးရာသီ၊ ကုန်ထုတ်ရာသီတို့နှင့် အချိန်ကိုက်ညီစေရန် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ ဦးဆောင်အဖွဲ့သည် ချေးငွေ၊ အကူအညီနှင့် အထောက်အပံ့များကို အမှန်တကယ်ခံစားခွင့်ရှိသည့်တောင်သူလယ်သမားများလက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမည်။

၁၇။ ဦးဆောင်အဖွဲ့သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ဆားငန်ရေဝင်ရောက်၍သော်လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားအကြောင်းများကြောင့်သော်လည်းကောင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများ၊ လယ်ယာထုတ်ကုန်များနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင် ယင်းတောင်သူလယ်သမားများအတွက် လိုအပ်သော အကူအညီများနှင့် အထောက်အပံ့များ ရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် ယင်းတို့၏ပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ သက်သာမှုရစေရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထိုက်သင့်သောပမာဏတစ်ရပ်ကို ကျခံနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တွက်ချက်တင်ပြရမည်။

၁၈။ ဦးဆောင်အဖွဲ့သည် မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းသုံး အခြားဓာတုဆေးတစ်မျိုးမျိုး၏ အာမခံစံချိန်စံညွှန်းချို့ယွင်းမှု၊ မကိုက်ညီမှုကြောင့် လယ်ယာထုတ်ကုန်များ ထိခိုက်ပျက်စီးခြင်းနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ နစ်နာဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက် ရမည်။

၁၉။ ဦးဆောင်အဖွဲ့သည် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း သို့မဟုတ် ကပ်ဘေးရောဂါတစ်ခုခု ကျရောက်ခြင်းကြောင့် အများပြည်သူ ကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက ဖျက်ဆီးခြင်း၊ သုတ်သင်ခြင်းခံရသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူလယ်သမားများအား လိုအပ်သော အကူအညီများနှင့် ထိုက်သင့်သော အထောက်အပံ့များ ရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၆)

## နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာပံ့ပိုးကူညီခြင်း

၂၀။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက် ရမည် -

(က) အရည်အသွေးမီသည့် ပုဂ္ဂလိကမျိုးစေ့သုတေသနလုပ်ငန်းများနှင့် ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊

(ခ) တောင်သူလယ်သမားများအတွက် ဒေသ၊ ရေမြေသဘာဝနှင့်ကိုက်ညီသည့် ခေတ်မီစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာနည်းပညာများ၊ လယ်ယာထုတ်ကုန်တန်ဖိုးမြှင့်တင်ရေးဆိုင်ရာနည်းပညာများ ရရှိရန် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊

(ဂ) မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ ပိုးမွှား ရောဂါဆိုင်ရာနှင့် အခြားသက်ဆိုင်ရာသတင်းအချက်အလက်များကို တောင်သူလယ်သမားများ ထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပဈေးကွက်ရရှိရေးအတွက် ဈေးကွက်နှင့်ဈေးနှုန်းဆိုင်ရာသတင်းအချက်အလက်များ စုဆောင်းဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ဈေးကွက်ဝင် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ပံ့ပိုးညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) တောင်သူလယ်သမားများ လိုအပ်သော လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေစက် စသည့် လယ်ယာသုံးစက်ကိရိယာများကို လယ်သမားများ အရစ်ကျဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မြေဩဇာနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်၊ တင်သွင်း၊ ပြုပြင်၊ ထုပ်ပိုး၊ ရောင်းချခြင်းများ ပြုလုပ် ရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိ စေရေးနှင့် အာမခံချက်မပါသော မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ချို့ယွင်းအားနည်းချက်များကို တောင်သူလယ်သမားများ အချိန်မီသိရှိနိုင်ရေး ဆောင်ရွက်ခြင်း။

## အခန်း (၇)

## လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန်ဆောင်ရွက်ခြင်း

၂၁။ ဦးဆောင်အဖွဲ့သည် လိုအပ်ပါက ပုဒ်မ ၆ ပုဒ်မခွဲ (က) အရ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၂။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်နိုင်ရန်နှင့် အကျိုးစီးပွားမြင့်တင်နိုင်ရန်အလို့ငှာ လယ်ယာထုတ်ကုန်များကို ဝယ်ယူရန် လိုအပ်လျှင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က တင်ဒါစနစ် အပါအဝင် အခြားသင့်လျော်သောနည်းလမ်းများဖြင့် ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်။

၂၃။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၂၂ ပါ ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့် အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၄။ ဦးဆောင်အဖွဲ့သည် လယ်ယာထုတ်ကုန်များ ဝယ်ယူရာတွင် လိုအပ်သော ရန်ပုံငွေကို ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံသုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရမည်။

၂၅။ ဖြစ်ပေါ်လာမည့် အရောင်းအဝယ်အရှုံးအမြတ်စာရင်းဇယားများကို ဦးဆောင်အဖွဲ့က တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးရမည်။

၂၆။ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့သည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း (၈)
## အထွေထွေ

၂၇။ မည်သူမဆို ဈေးငွေ၊ အကူအညီနှင့်အထောက်အပံ့များကို နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖြတ်တောက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့ကို ကျူးလွန်ပါက ရာဇသတ်ကြီးအရ မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုမှု ကျူးလွန်သည်ဟု မှတ်ယူရမည်။

၂၈။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့၏ကုန်ကျစရိတ်နှင့် ရုံးလုပ်ငန်းများအတွက် တာဝန်ယူစီစဉ်ဆောင်ရွက်ပေးရမည်။

၂၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့နှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးဆောင်အဖွဲ့နှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

**ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်း**

၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ ဦးကြည်ထွန်းဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအား ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

**လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

၂၀၁၃ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ လွှတ်တော်၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

**လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

၂၀၁၃ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ လွှတ်တော်၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ကိုယ်စား အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဋ္ဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းအား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

**နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂၊ ဥပဒေပုဒ်မ ၃၃ နှင့် ယင်းနည်းဥပဒေများ ၈၁၊ ၈၂ တို့အရ ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| ဦးအောင်မင်း | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

## ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထနေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၏မေးခွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ဖြေကြားချက်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ပြောကြားချက်များ

**ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး လမ်းဟောင်း၏ လမ်းဘေးဝဲယာ တစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများသည် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိ သိရှိလိုသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ ဦးမင်းဦးက ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး လမ်းဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိ သိရှိလိုတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်း ဘေးဘက်ဝဲယာမှ လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုထားခြင်းနဲ့ ပတ်သက်၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုရှိ/မရှိနှင့် ကိုက်ညီမှုမရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါ၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းကဲ့သို့ ပုံစံတူဖြစ်တဲ့ မေးခွန်းမျိုးကိုလည်း ပထမအကြိမ် သတ္တမပုံမှန်အစည်းအဝေးမှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှာ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းကလည်း ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းကို မီးမောင်းထိုးပြီးတော့ မေးပြခဲ့ဖူးသလို၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဖိုးဇော်ကလည်း ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှာ ကဝမြို့နယ်နဲ့ သနပ်ပင်မြို့နယ်ကို မီးမောင်းထိုးပြီး မေးပြခဲ့တာကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော်တို့ ပဲခူးတိုင်းထဲမှာတော့ လယ်ယာမြေကို အခြားမြေများအဖြစ် ပြောင်းလဲသုံးစွဲမှုတွေဟာ မြန်ဆန်များပြားနေတယ်လို့ ထင်မြင်ယူဆမိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမေးမြန်းချက်ဟာ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ အုတ်တွင်းမြို့နယ်ကို အခြေခံပေမယ့် တစ်နိုင်ငံလုံးကို စီးဆင်းသက်ဝင်သွားစေဖို့ ရည်ရွယ်ပြီး မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ရေးဆွဲပြဋ္ဌာန်းပေးခဲ့တဲ့ လယ်ယာမြေဥပဒေဟာ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနမှ ရေးဆွဲပြဋ္ဌာန်းပေးခဲ့တဲ့ လယ်ယာမြေနည်းဥပဒေဟာ ဩဂုတ်လ ၃၁ ရက်နေ့တွင်လည်းကောင်း စတင်ပြီး အာဏာတည်ခဲ့ပါတယ်။ ဒီလယ်ယာမြေဥပဒေ၊ နည်းဥပဒေများထဲမှ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိသူများရဲ့ အခွင့်အရေးများ၊ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများ၊

စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက အရေးယူခြင်းနဲ့ ပြစ်မှု ပြစ်ဒဏ်များ ချမှတ်ခြင်းတို့ကို အသေးစိတ်ရေးဆွဲထားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် လယ်သမားများရဲ့ အခွင့်အရေးနဲ့ လိုက်နာရမယ့် စည်းကမ်းတို့ကို ချိန်ခွင်လျှာညှိပေးပြီး၊ ပြစ်မှု ပြစ်ဒဏ်များ မပေါ်ပေါက်စေရေးအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ရပ်/ကျေးမှသည် ဗဟိုအထိဖွဲ့စည်းပြီး တာဝန်ပေးထားတာကိုလည်း တွေ့ရပါတယ်။ သို့ပါသော်လည်း လက်ရှိပကတိ အခြေအနေများမှာတော့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိထားသူများ၊ မြေစာရင်းမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ အိမ်ခြံမြေပွဲစားများ၊ ငွေရှင်ကြေးရှင် စီးပွားရေးလုပ်ငန်းရှင်များဟာ လယ်ယာမြေဥပဒေ အခန်း (၃)၊ ပုဒ်မ ၉ (ခ) အရ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနဲ့အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နဲ့ ပေးကမ်းခွင့် ရရှိစေရမည် ဆိုတဲ့အချက်အပေါ်မှာ လိုရာကို ဆွဲယူပြီး အပေးအယူပြု နားလည်မှုလုပ်ကာ လယ်ယာမြေများကို အခြားမြေများအဖြစ်သို့ ပြောင်းလဲအသုံးပြုနိုင်အောင် ကြိုးစားလုပ်လာခဲ့တဲ့အတွက် ယနေ့ ကျွန်တော်တို့ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်းကြီးရဲ့ဘေးမှ လယ်ယာမြေဈေးနှုန်းများဟာ အဆမတန် တန်ဖိုးမြင့်တက်နေလျက်ရှိပါတယ်။

လယ်သမားများရဲ့ စီးပွားရေးကြပ်တည်းမှု၊ ငွေကြေးလိုအပ်မှုတို့ကို အခွင့်ကောင်းယူကာ တာဝန်ရှိသူများနဲ့ပူးပေါင်းပြီး၊ ငွေရှင်ကြေးရှင် စီးပွားရေးလုပ်ငန်းရှင်များက ကယ်တင်ရှင်ကြီးများသဖွယ် လယ်သမားအခက်၊ ငွေရှင်ကြေးရှင် အချက် မှတ်ယူကာ လယ်သမားများထံမှ လယ်ယာမြေများကို လယ်ယာမြေဈေးနှုန်းလည်း မက၊ အိမ်ခြံမြေဈေးနှုန်းများလည်း မကျ ဈေးကောင်းများပေး၍ ဝယ်ယူနေလျက်ရှိပါတယ်။ အချိန်ကာလကြာလျှင် လယ်သမားများဟာ လယ်မဲ့၊ ယာမဲ့ဘဝများသို့ ရောက်ရှိသွားပြီး၊ ဆင်းရဲတွင်းနက်ကြရမယ့် အခြေအနေမျိုးသို့ ရောက်ရှိလာနိုင်ရာ ဥပဒေနဲ့အညီ စိစစ်တားမြစ်နိုင်ခြင်း မရှိပါက အလွန်စိုးရိမ်စရာ အခြေအနေများကို ရောက်ရှိလာနိုင်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်း ဘေးဘက်ဝဲယာတစ်လျှောက်မှာ လယ်ယာမြေများကို အခြားမြေများအဖြစ်သို့ ပြောင်းလဲအသုံးပြုမှုများဟာ ယခင်ကထက် ပိုမိုများပြားနေလျက်ရှိပါတယ်။ ဒီလို ပြုလုပ်မှုများထဲမှာ လူနေအိမ်များ ဆောက်လုပ်ခြင်း၊ ဈေးဆိုင်၊ စားသောက်ဆိုင်နှင့် ဆီဆိုင်များ ဆောက်လုပ်ခြင်း၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေများကို ခြံစည်းရိုးတိုင်စိုက်၍ လပ်ထားခြင်းများ ပြုလုပ်ထားသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ဒါတွေကို အထောက်အထား ပြည့်ပြည့်စုံစုံ Power Point နဲ့ တင်ပြဖို့ စီစဉ်သော်လည်း ကျွန်တော့် Memory Stick အခက်အခဲကြောင့် ကျွန်တော်တင်ပြနိုင်ခြင်းမရှိပါဘူး။ ကျွန်တော် အစက စီစဉ်ထားပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ ပြုလုပ်မှုများမှာ အဓိကတာဝန်ရှိတဲ့ အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများ၊ မြေတိုင်းစာရေးများနဲ့ မြေစာရင်းဦးစီးမှူးများ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့ဟာ အကြောင်းအမျိုးမျိုးကြောင့် စိစစ်ကြပ်မတ်တားဆီးမှု အားနည်းလျက်ရှိသည့်အပြင် ပါဝင်ပတ်သက်မှုများပင် ရှိနေသည့်အတွက် မကြာခဏ တိုင်ကြားမှုများ ပေါ်ပေါက်နေလျက်ရှိပါတယ်။ အဆောက်အဦ ခိုင်မာစွာဆောက်လုပ်ပြီးပါမှ တားဆီးပါက မလိုလားအပ်တဲ့ ဆုံးရှုံးနစ်နာမှုများနဲ့ ဆိုးကျိုးများကို ဖြစ်နိုင်သလို၊ တာဝန်ရှိ အဖွဲ့အစည်းများရဲ့အပေါ်မှာလည်း အများပြည်သူရဲ့ အထင်အမြင်လွဲမှားမှုများကို ဖြစ်စေနိုင်ပါတယ်။ အောက်ခြေအဆင့်မှာဆိုလျှင် မြေတိုင်းစာရေးများကို လိုင်စင်ရမြေပွဲစားများ၊ မိုးမခေါင် ရေမကြီး မြေကြီးက ရွှေသီးသူများ၊ ကွင်းမဆင်း၊ ရုံးမတက် ဂရန်လုပ်ဖို့သာ ဆောင်ရွက်လို့ ပြောနေကြတာကိုလည်း ကြားနေရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ ဒါလေးကို ကျွန်တော် ဆက်လက်ပြီး တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဇီးဖြူသောင်ကျေးရွာအုပ်စု၊ မအူပင်ကျေးရွာမှာ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့တဲ့ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း ရှိပါတယ်။ ယခု ပညာသင်နှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အတွက် ကျောင်းပြောင်းရွှေ့ခွင့် ပညာရေးဝန်ကြီးဌာနက ခွင့်ပြုထားတာရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ကျေးရွာက ကျောင်းဖြစ်မြောက်ရေး ကော်မတီအဖွဲ့များက မြေတိုင်းစာရေးနဲ့ ညှိနှိုင်းတဲ့အခါမှာ လယ်ယာမြေကို အခြားမြေအဖြစ် ကျွန်တော်တို့ ကျောင်းဆောက်လုပ်ခွင့်ရအောင် ဆောင်ရွက်တဲ့အခါမှာ အထက်အဆင့်ဆင့်ကိုပေးဖို့ ဆိုပြီးတော့ ငွေ (၇၀၀၀၀) တောင်းပါတယ်။ အဲဒီလို တောင်းတဲ့အခါမှာ တချို့ကော်မတီအဖွဲ့ဝင် တချို့ကကျေနပ်မှုမရှိတဲ့အတွက် ကျွန်တော့်ဆီကို အကျိုးအကြောင်း လာပြောပါတယ်။ ကျွန်တော်ကလည်း သက်ဆိုင်ရာ မြေစာရင်းဦးစီးကို မြို့နယ်မြေစာရင်းဦးစီးကို သွားပြီးတော့ အကျိုးအကြောင်း ပြောတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ဌာနဆိုင်ရာအဆောက်အဦများကို အခြားမြေအဖြစ် သုံးစွဲခွင့်ရအောင် ပြုလုပ်တဲ့နေရာမှာ တစ်ပြားတစ်ချပ်မှ ယူပြီးတော့ ဆောင်ရွက်ပေးတာမရှိပါဘူးလို့ ပြောပါတယ်။ နောက်နေ့မှာ၊ အဲဒီလိုပြောပြီးတဲ့ နောက်နေ့မှာ အဲဒီငွေ (၇၀၀၀၀) ကို (၆၀၀၀၀) တော့ ပြန်ပေးပါတယ်။ (၁၀၀၀၀) တော့ လက်လွန်သွားလို့ဆိုပြီးတော့ မရခဲ့ပါဘူး။ အဲဒီတော့ ကျွန်တော်ဆိုလိုချင်တာက ဌာနဆိုင်ရာအဆောက်အဦများ ဆောက်လုပ်တဲ့နေရာမှာတောင်မှ အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲတဲ့နေရာမှာ တစ်ပြားတစ်ချပ်မှ မယူပါဘူးလို့ ပြောတာတောင် (၇၀၀၀၀) လောက်အထိ တောင်းတယ်ဆိုရင် ပုဂ္ဂလိကဆိုင်ရာ အဆောက်အဦများနဲ့ မြေများကို အခြားမြေများအဖြစ် ပြောင်းလဲပြီး သုံးစွဲမယ်ဆိုရင် မည်ရွေ့မည်မျှများ တောင်းခံနေမှာလဲလို့ ကျွန်တော်တွေးမိတာပါ။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ရေနံချောင်းခရီးစဉ်တုန်းက ပြောခဲ့သလိုပဲ ပုဒ်မ ၄၊ ပေးမှလုပ်။ အပိုင်း (၄)၊ အပေးလိုင်းများခွင်မဝင် ဝင်အောင် ညှိပြီးတော့ ခေါက်ရိုးကျိုးတွေ မပြေသေးတဲ့ ဉဉ်ဆိုးတွေဟာ အောက်ခြေမှာ အမြစ်တွယ်ရှင်သန်နေလျက်ရှိပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကတာဝန်အရှိဆုံးဖြစ်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေနဲ့ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာဖူလုံရေး၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု မကျဆင်းစေရေးအတွက် တောင်သူလယ်သမားများထံမှ လယ်ယာမြေများကို ဝယ်ယူထားတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ ကုမ္ပဏီများကို စပါးသီးနှံ မပျက်မကွက် ဆက်လက်စိုက်ပျိုးကြရေးနှင့် ယင်းမြေပေါ်မှာ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အခြားနည်းအဖြစ် ပြောင်းလဲအသုံးပြုကြစေရေးအတွက် အသစ်ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဆောင်ရွက်သင့်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား သိရှိလို၍ မေးမြန်းလိုသည်မှာ (က) ဖော်ပြပါ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများမှာ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိ၊ မရှိပါက မည်သို့ အရေးယူဆောင်ရွက်ပါမည်လဲ။ (ခ) ယခင်နှင့် ယခုအထိ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ လက်ဦးမှုရယူကာ အခိုင်အမာ အဆောက်အဦများ ဆောက်လုပ်ထားခြင်းအပေါ်မှာ ဥပဒေနှင့်ညီညွတ်အောင် မည်ကဲ့သို့ ပြန်လည်ကုစားပေးပါမည်လဲ။ (ဂ) နောက်ထပ် ဥပဒေမဲ့ဖြစ်ရပ်မျိုး မပေါ်ပေါက်အောင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသလဲ။ ဒီဖြစ်ရပ်မျိုးတွင် ပါဝင်ပတ်သက်သော သက်ဆိုင်ရာ ဝန်ထမ်းအဆင့်ဆင့်ကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပါမည်လဲလို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ သိရှိလို၍ လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျမ်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အမှတ် (၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီးက တင်ပြဖြေရှင်းသွားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး အမှတ် (၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၏ ကြယ်ပွင့်ပြမေးခွန်းတွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိ။ မရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်မှုပြုလုပ်မည်ကို သိရှိလိုပါကြောင်း ဖော်ပြပါရှိပါတယ်။ လယ်ယာမြေဥပဒေ အခန်း (၁၀)၊ လယ်ယာမြေကို အသုံးချခြင်းတွင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေ ပုဒ်မ ၂၉၊ လယ်ယာမြေဥပဒေ ပုဒ်မ ၃၀ မှာ အောက်ပါအတိုင်း တိကျစွာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၂၉၊ နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် သက်ဆိုင်ရာစီမံကိန်း အကောင်အထည်ဖော်သည့် ဝန်ကြီးဌာနဟာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်တယ်။

လယ်ယာမြေဥပဒေ ပုဒ်မ ၃၀၊ အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားချက်နဲ့စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။ (ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်တယ်။

အလားတူ လယ်ယာမြေနည်းဥပဒေ ၇၉၊ ၈၀ တို့တွင်လည်း လယ်ယာမြေကို အခြားနည်းလမ်းဖြင့် အသုံးပြုနိုင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ် တိကျစွာ ပြဋ္ဌာန်းထားရှိပါတယ်။ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့ဝင် (၂၀) ဦးပါ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် ဦးဆောင်တဲ့ အဖွဲ့ဝင် (၁၀) ဦးပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့ကိုလည်း ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းတာဝန်ပေးပြီး ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ ပုဒ်မ ၂၅ (ဂ) တွင် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ရမည်ဟု တိကျစွာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်ကို ဆက်လက်တင်ပြရမယ်ဆိုရင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ရန်ကုန်-မန္တလေး မူလလမ်းဘေးဝဲယာမှာ ဖြူးမြို့နယ်အဆုံး အုတ်တွင်းမြို့နယ်အစ ညောင်လွင့်ကျေးရွာအုပ်စုမှ ညောင်လွင့်ကျေးရွာ အပါအဝင် အုတ်တွင်းမြို့နယ်အဆုံး တောင်ငူမြို့နယ်အစ အုတ်တွင်းမြို့နယ်၊ ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စုအထိ ကျေးရွာ (၁၂) ရွာ တည်ရှိပြီး၊ အဆိုပါ ကျေးရွာ (၁၂) ရွာမှာ ယခင်အစိုးရအဆက်ဆက် လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲခွင့် လ/န (၃၉) အရ တရားဝင်ခွင့်ပြုချက်မရဘဲ လယ်ယာမြေပေါ်မှာ ကျူးကျော်လျက် လူနေအိမ်ရာ မြေအများစုအပါအဝင် ဆောက်လုပ်အသုံးပြုထားသည့် အဆောက်အဦ၊ ခြံဝင်းပေါင်း (၄၅၀) ခန့် အသုံးပြုထားသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ လက်ရှိအစိုးရသစ်လက်ထက်မှာ လယ်ယာမြေများ စိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲရန် အလို့ငှာ ခွင့်ပြုမိန့်တစ်စုံတစ်ရာ ထုတ်ပြန်၍ ခွင့်ပြုပေးထားခြင်း လုံးဝ မရှိသေးကြောင်းနဲ့ အဆိုပါကျူးကျော်ဆောက်လုပ် အသုံးပြုထားတဲ့ အဆောက်အအုံ၊ ခြံဝင်းများနဲ့ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း (၄)၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ၊ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနဲ့အညီ စုံစမ်းစစ်ဆေးပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျော်လွန်၍ ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိပါက တည်ဆဲ နိုင်ငံ့ဝန်ထမ်းဥပဒေအရသော်လည်းကောင်း၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းအရသော်လည်းကောင်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ နိုင်ငံတော်တာဝန် ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားလုံးဟာ သာမန်ပြည်သူ/ပြည်သားများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေအပြင် ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လိုက်နာရပြီး အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲစည်းမျဉ်း စည်းကမ်းဥပဒေနှင့်အညီ ပြစ်မှုနှင့်ပြစ်ဒဏ် မျှတစွာဖြင့် သတိပေးခြင်းမှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ် သည်အထိ နိုင်ငံနှင့်အဝန်း အပြစ်ပေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်ပါက တရားစွဲ အရေးယူ ဆောင်ရွက်ခြင်းအထိ အရေးယူဆောင်ရွက်မှုများရှိပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖြေကြားခဲ့ ပါတယ်။

လယ်ယာမြေဥပဒေ အခန်း (၄)၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) မှာ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရဟု တားမြစ်ပြဋ္ဌာန်း ထားရှိပြီး၊ အခန်း (၇)၊ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်းနှင့် အခန်း (၁၂) ပြစ်မှုနှင့်ပြစ်ဒဏ်များမှာ အောက်ပါအတိုင်း တိကျစွာ ပြဋ္ဌာန်းထားရှိပါတယ်။ ပုဒ်မ ၁၉ ဤဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သည် ဥပဒေနှင့် ဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့် တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်တယ်။ (က) သတ်မှတ်သည့် ဒဏ်ကြေးငွေ ပေးဆောင် စေခြင်း၊ (ခ) သတ်မှတ်သည့် နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊ (ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊ (ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်း၊ ပုဒ်မ ၂၀၊ ပုဒ်မ ၁၉ ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်ထားသော အမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ်ရက် ကျော်လွန်ပါက သက်ဆိုင်ရာ တရားရုံးသို့ ဦးတိုက်လျှောက်ထားတရားစွဲဆိုနိုင်သည်။

ပုဒ်မ ၃၅၊ မည်သည့်လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၉ အရ ချမှတ်ထားသော အမိန့်ကို ဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုမှာ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး (၆) လမှ

အများဆုံး (၂) နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ချမှတ်နိုင်တယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈ အရ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ခိုင်မာစွာ ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၂/၂၀၁၂ ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းထားရှိခဲ့ပြီး၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းပေးခဲ့ပြီး၊ ထိုလယ်ယာမြေဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ကိုယ်တိုင် ပါဝင်ဦးဆောင်တဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကိုလည်း ခိုင်မာစွာ ဖွဲ့စည်းတာဝန် ပေးအပ်ထားပြီး ဖြစ်ပါတယ်။

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်ကိစ္စများနှင့်စပ်လျဉ်းပြီး အထက်တွင် ဖော်ပြထားသည့် အတိုင်း သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်တဲ့ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်စွာ လိုက်နာ ကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ဥပဒေကို တိတိကျကျကျင့်သုံးလိုက်နာ တာဝန်ခံ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်၏ စားရေရိက္ခာဖူလုံစေရန် လယ်ယာမြေကို အကြောင်းကြောင်းကြောင့် အခြားနည်းလမ်း အသုံးပြု၍ လျော့နည်းမှုများကို ဥပဒေနှင့်ညီညွတ်စွာ ထိန်းသိမ်းနိုင်ရေးနှင့် ယခင်အစိုးရကာလက ယခင် ကာလ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အတွက် လက်ရှိအစိုးရကာလတွင် ဖြေရှင်း မပြီးပြတ်သေးသော လယ်ယာမြေပြဿနာများကို လေးနက်စွာ သင်ခန်းစာယူပြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်တွင် တာဝန်ယူနေကြသူများအနေနဲ့ ဥပဒေနှင့်မညီညွတ်သော လယ်ယာမြေကို အခြားနည်း အသုံးပြုမှုများ မပေါ်ပေါက်စေရေးအတွက် တိတိကျကျ ကျင့်သုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်း ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ထုတ် ပြည်ထောင်စုနေ့စဉ် သတင်းစာများမှာ ဖော်ပြထားပြီးလည်း ဖြစ်ပါတယ်။

လယ်ယာမြေကို သီးနှံပုံစံပြောင်း၍ စိုက်ပျိုးလိုပါကလည်း ဆောင်ရွက်ရမည့် နည်းလမ်းများကို လယ်ယာမြေနည်းဥပဒေ ၆၉၊ ၇၇ နဲ့ ၉၇ တို့မှာ တိကျစွာ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဟာ လယ်ယာမြေများအပေါ် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမြေ လျော့နည်းမှုမရှိစေရေး အထူးကြပ်မတ်ဆောင်ရွက်ရမှာဖြစ်ပြီး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်အနေဖြင့် နိုင်ငံတော်၏ စားရေရိက္ခာ ဖူလုံရေးအတွက် လယ်ယာမြေများ လျော့နည်းမှုမရှိစေရေးကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီစွာ စစ်ဆေးကြပ်မတ် ဆောင်ရွက်ပြီး တင်ပြကြရန် အကြောင်းကြားထားပြီးလည်း ဖြစ်ပါတယ်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လိုအပ်သည့် စုံစမ်းစစ်ဆေးဖော်ထုတ်

အရေးယူမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ်၊ မေလ ၅ ရက်စွဲပါစာအမှတ်၊ ၄/၂၂၀ (ဂ) (၆) (၆၃၀/၂၀၁၃) ဖြင့် တင်ပြဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၀၁၃ ခုနှစ်၊ မေလ ၉ ရက်စွဲပါ စာအမှတ်၊ ၇၉၅/၃၄၉-၁-၁၉/အဖရ (၂၀၁၃) ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးထံကို လက်ရှိအချိန်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ အချို့မြို့ကြီးများတွင် လယ်ယာမြေများအား အခြားနည်းဖြင့် သုံးစွဲခြင်းကို ဥပဒေမဲ့ဆောင်ရွက်နေကြောင်း တင်ပြစာများအရ သိရှိရပါကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က ကွပ်ကဲမှုနယ်မြေအလိုက် ဥပဒေမဲ့ဆောင်ရွက်မှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး၍ ပြန်လည်တင်ပြကြရန်နဲ့ ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဥပဒေများနဲ့ ကိုက်ညီမှုမရှိသည့် အသုံးပြုဆောင်ရွက်ထားရှိမှုများအပေါ်မှာ မြေပြင်စစ်ဆေးဖော်ထုတ်၍ ဥပဒေနှင့်ညီညွတ်စွာ အရေးယူဆောင်ရွက်သွားကြရန် ပြည်ထောင်စုအစိုးရအဖွဲ့မှလည်းပဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို တိတိကျကျ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော့်ရဲ့မဲဆန္ဒနယ် ရမည်းသင်းဘက်မှာလည်း အလားတူပဲ လယ်ယာမြေတွေမှာ မြေဖို့ပြီးတော့ အထူးသဖြင့်တော့ ခြတ်ဆီဆိုင်တွေ မှိုလိုပေါက်ပြီးတော့ တစ်ခုပြီး တစ်ခု တစ်ခုပြီးတစ်ခု ပေါ်လာတာတွေဖြစ်နေတယ်။ ရန်ကုန်နဲ့ မန္တလေးကြားထဲမှာ ဓာတ်ဆီဆိုင်လုပ်ငန်းတွေ ထွန်းကားလာတဲ့အတွက် ဒီလယ်ယာမြေ အခြားနည်းဥပဒေမဲ့ သုံးစွဲတဲ့ တရားဝင်ခွင့်ပြုချက်မရဘဲနဲ့ သုံးစွဲတဲ့ ကိစ္စတွေကတော့ အမြောက်အမြားရှိမယ်ထင်ပါတယ်။ အခု ပဲခူးတိုင်းမှာ (၄၅၀) လောက်ရှိသလို မန္တလေးတိုင်းမှာလည်း ရှိမှာပဲ။ ရန်ကုန်နဲ့ မန္တလေးကြားဖြစ်တဲ့အတွက် ဒါတွေကိုတော့ ခုနက လွှတ်တော်ကိုယ်စားလှယ် တင်ပြသလို အရေးယူစရာရှိရင်လည်း အမြန်အရေးယူတားဆီးဖို့ လိုမယ်။ တရားဝင်ခွင့်ပြုလို့ရတဲ့နေရာတွေမှာ ခွင့်ပြုပါ။ လိုအပ်ချက်တစ်ရပ်အနေနဲ့ ခွင့်ပြုနိုင်ပါတယ်။ အဲဒီတော့ မြေအမျိုးအစားခွဲခြားရမယ်။ စိုက်လို့ပျိုးလို့မရတဲ့မြေ ဖြစ်ရမယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ အခု လုပ်ချင်သလိုလုပ်နေတဲ့သဘော ဖြစ်လာတာပေါ့နော်။ ဒါကြောင့်မို့လို့ ဒီကိစ္စမှာ ခုနက ဒုဝန်ကြီးပြောတာ၊ ပြည်ထောင်စုသတင်းစာတွေ ဆိုတဲ့အခါကျတော့၊ ပြည်ထောင်စုသတင်းစာဆိုတာ မှားနေတယ်ထင်တယ်။ ပြည်ထောင်စုသတင်းစာဆိုတာ ပါတီက ထုတ်တဲ့ သတင်းစာပါ။ ကြေးမုံနဲ့ မြန်မာ့အလင်းမှာ ထည့်ရမှာပေါ့။ ခင်ဗျားဆိုလိုတာ အဲဒါပဲဖြစ်ပါလိမ့်မယ်။ ကြေးမုံနဲ့ မြန်မာ့အလင်းမှာ သေချာအောင်လုပ်ပြီးတော့ ဒါတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့တွေကလည်း ဆောင်ရွက်သလို ခင်ဗျားတို့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့လည်း အမြင်မတော်တာ တွေ့ရင်၊ တွေ့တဲ့ဥစ္စာကို ချက်ချင်းညှိနှိုင်းပြီးတော့ ဆောင်ရွက်တတ်ဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ လယ်ယာထွက်ကုန်နဲ့ပတ်သက်လို့ တာဝန်အရှိဆုံးက ခင်ဗျားတို့ဖြစ်နေလို့။ ဟုတ်ပြီနော်။ ကောင်းပါပြီ။ ထိုင်ပါ။

အဲဒီတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းနဲ့ပတ်သက်လို့ ဒီမေးခွန်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်တဲ့ မေးခွန်းဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ မေးမြန်းတဲ့ လုံးကောက်၊ ဖြေကြားတဲ့လုံးကောက်နဲ့ ဥက္ကဋ္ဌရဲ့ ပြောကြားချက်ကို ထည့်သွင်းတဲ့အပြင် ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာတွေမှာ ထည့်သွင်းဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် )

## ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီ ဖော်ဆောင်ရေး လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့် လိုက်လျောညီထွေရှိစေရေး အတွက် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများတွင် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်း၍ Public Relations လုပ်ငန်းများအား ပွင့်လင်းမြင်သာစွာ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၏ "ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့" ကို အောက်ပါအတိုင်း ပြင်ဆင် ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးဝင်းကို | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးသောင်းလှိုင် | အတွင်းရေးမှူး |
| (ဂ) | ဦးလှမောင်ချို | တွဲဖက်အတွင်းရေးမှူး |

၂။ အထက်ပါ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(က) Public Relations လုပ်ငန်းများအား ပွင့်လင်းမြင်သာစွာ တိုးမြှင့်ဆောင်ရွက်ရန်၊

(ခ) ရွေးကောက်ပွဲနှင့်စပ်လျဉ်းသော သတင်းများ၊ နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသော သတင်း များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်၊

(ဂ) လိုအပ်ပါက အခါအားလျော်စွာ သတင်းစာရှင်းလင်းပွဲများ တာဝန်ယူ ပြုလုပ်ပေးရန်၊

(ဃ) သတင်းထုတ်ပြန်ချက် (Press Release) များ ထုတ်ပြန်ပေးရန်၊

(င) သတင်းမီဒီယာ၊ ဂျာနယ်၊ စာစောင်များ၏ ရေးသားဆောင်ရွက်ချက်များပေါ်မူတည်ပြီး လိုအပ်သလို တုံ့ပြန်မီဒီယာ (Reactive Media) များ ဆောင်ရွက်ရန်။

၃။ ယခင်ထုတ်ပြန်ထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၇ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရန်ကုန်တိုင်းဒေသကြီး ကုန်တင်ကုန်ချအလုပ်သမားဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄/၂၀၁၃ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၈) ဇယား (၂) စဉ် ၇ (ဃ) နှင့်အညီ ပြည်တွင်းကုန်တင်ကုန်ချလုပ်ငန်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို ရန်ကုန်တိုင်းဒေသကြီး ကုန်တင်ကုန်ချအလုပ်သမားဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါဝင်သော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **တိုင်းဒေသကြီးအစိုးရအဖွဲ့**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမားရေးရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းအားလုံးကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်၊

(င) **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုက်ရိုက်စီမံအုပ်ချုပ်မှုနယ်မြေအတွင်း၌ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်၊

(စ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီက တိုက်ရိုက်ကြီးကြပ်ကွပ်ကဲလျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသောကော်မတီကို ဆိုသည်၊

(ဆ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး**ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချကြီးကြပ်ရေးကော်မတီ၏ သက်ဆိုင်ရာရုံးလုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(ဇ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာနယ်မြေတစ်ခုအတွင်းရှိ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများကို စုစည်း၍ ကုန်တင်ကုန်ချလုပ်ငန်းများအား စနစ်တကျကြီးကြပ်အုပ်ချုပ်ရန်အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းခွင့်ပြုထားသော ကော်မတီကို ဆိုသည်၊

(ဈ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံး**ဆိုသည်မှာ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ၏ သက်ဆိုင်ရာရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ဖွင့်လှစ်ခွင့်ပြုထားသည့်ရုံးကို ဆိုသည်၊

(ည) **ကုန်တင်ကုန်ချလုပ်ငန်း**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်၊ ဈေးကြီးများနှင့် အခြားသတ်မှတ်သည့်နေရာများတွင် ကုန်တင်ကုန်ချအလုပ်သမားများက ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်းပြုလုပ်ပေးရသော ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်၊

(ဋ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်**ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်၊

(ဌ) **မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမား**ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားမှတ်ပုံတင်ပြီးသော အလုပ်သမားကို ဆိုသည်၊

(ဍ) **သက်သာချောင်ချိရေးရန်ပုံငွေ**ဆိုသည်မှာ မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးအတွက် အသုံးပြုနိုင်ရန် ၎င်းတို့၏နေ့စဉ်လုပ်ခဝင်ငွေမှ သတ်မှတ်ထားသောရာခိုင်နှုန်းဖြင့် ကောက်ခံ၍ စုဆောင်းထားသောရန်ပုံငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်တင်ကုန်ချလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စနစ်တကျနိုင်နင်းစွာကြီးကြပ်အုပ်ချုပ်နိုင်စေရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများ ပီပြင်စွာတိုးတက်ကောင်းမွန်လာစေရန်ဖြစ်သည်၊

(ခ) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(ဂ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားနှင့်ညီမျှသော လုပ်အားခ အပြည့်အဝမှန်ကန်စွာရရှိစေရန်၊

(ဃ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက် ရရှိစေရန်၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရန်၊

(စ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရန်။

## အခန်း (၃)
## ကုန်တင်ကုန်ချကော်မတီနှင့်ရုံးများ ဖွဲ့စည်းခြင်း

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကုန်တင်ကုန်ချလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းကြီးကြပ်ရေးကော်မတီနှင့်ရုံးများကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီကို အောက်ဖော်ပြပါ နိုင်ငံသား (၁၁) ဦးဖြင့် ဖွဲ့စည်းရမည် -

(၁) တိုင်းဦးစီးမှူး
တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး — ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီးမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီးပို့ဆောင်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၅) တိုင်းဒေသကြီးရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၆) ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့မှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၇) တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၈) မြို့နယ်ကုန်တင်ကုန်ချမှတ်ပုံတင်ထားသော ရွေးကောက်ခံ အလုပ်သမားကိုယ်စားလှယ် — အဖွဲ့ဝင်

(၉) မြို့နယ်ကုန်တင်ကုန်ချမှတ်ပုံတင်ထားသော ရွေးကောက်ခံ အလုပ်သမားကိုယ်စားလှယ် — အဖွဲ့ဝင်

(၁၀) မြို့နယ်ကုန်တင်ကုန်ချမှတ်ပုံတင်ထားသော ရွေးကောက်ခံ အလုပ်သမားကိုယ်စားလှယ် — အဖွဲ့ဝင်

(၁၁) ဦးစီးအရာရှိ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး — အတွင်းရေးမှူး

( ခ ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးကို ဌာနဆိုင်ရာဖွဲ့စည်းပုံများနှင့်အညီ ဖွင့်လှစ်ရမည်။

( ဂ ) မြို့နယ်ကုန်တင်ကုန်ချကော်မတီကို အောက်ဖော်ပြပါ နိုင်ငံသား (၁၁) ဦးဖြင့် ဖွဲ့စည်းရမည် -

(၁) ဦးစီးအရာရှိ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး — ဥက္ကဋ္ဌ

(၂) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၃) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၄) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၅) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၆) ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၇) ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၈) မြန်မာ့မီးရထားမှ ကိုယ်စားလှယ် — အဖွဲ့ဝင်

(၉) မြို့နယ်ကုန်တင်ကုန်ချမှတ်ပုံတင်ထားသော ရွေးကောက်ခံ အလုပ်သမားကိုယ်စားလှယ် — အဖွဲ့ဝင်

(၁၀) မြို့နယ်ကုန်တင်ကုန်ချမှတ်ပုံတင်ထားသော ရွေးကောက်ခံ အလုပ်သမားကိုယ်စားလှယ် — အဖွဲ့ဝင်

(၁၁) ကြီးကြပ်ရေးမှူး (သို့မဟုတ်) စာရင်းကိုင် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး — အတွင်းရေးမှူး

(ဃ) လက်ရှိဆောင်ရွက်လျက်ရှိသော မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများကို လက်ရှိဆောင်ရွက်လျက်ရှိသော ဖွဲ့စည်းပုံနှင့် အင်အားအတိုင်း ဆောင်ရွက်နိုင်သည်။

( င ) လက်ရှိဆောင်ရွက်လျက်ရှိသော မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီနှင့် ရုံးများကို လက်ရှိဆောင်ရွက်လျက်ရှိသော ဖွဲ့စည်းပုံနှင့် အင်အားအတိုင်း ဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၆။ မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီတို့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား တိုင်းဒေသကြီး ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။

## အခန်း (၄)

## ကုန်တင်ကုန်ချကော်မတီများ၏လုပ်ငန်းတာဝန်များ

၇။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်တင်ကုန်ချလုပ်ငန်းများကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိ ဝင်ရောက်စစ်ဆေးခြင်း သို့မဟုတ် အရာရှိတစ်ဦးဦးကဖြစ်စေ၊ အဖွဲ့ဖွဲ့စည်း၍ဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်း၊

(ခ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးရုံးများ၏ သက်သာချောင်ချိရေးရန်ပုံငွေနှင့် ငွေကြေးစာရင်းဇယားများအား စစ်ဆေးခြင်းနှင့် အတည်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် အရေးယူခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်ရမည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းချက်များ၏ မူကြမ်းများကို ရေးဆွဲ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီများမှ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်လိုသူ အလုပ်သမားများအား မှတ်ပုံတင်ပြီးကြောင်း တင်ပြချက်များကို အတည်ပြုခြင်း၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ ဒေသန္တရကုန်စျေးနှုန်းများနှင့်အညီ လိုက်လျောညီထွေမှုရှိသည့် ကုန်တင်ကုန်ချလုပ်ခနှုန်းထားများ ရရှိစေရေးနှင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် လုပ်အားနှင့်ညီမျှထိုက်တန်သော လုပ်ခနှုန်းထားရရှိရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် အတည်ပြုခြင်း၊

(စ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်များ ခန့်ထားခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ခြင်းနှင့် အတည်ပြုအမိန့်များ ထုတ်ပြန်ခြင်း၊

(ဆ) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများအား လုပ်ငန်းခွင်ကြီးကြပ်နိုင်ရေးအတွက် အလုပ်သမားမှူး၊ လုပ်သားစုမှူး၊ စောင့်ရှောက်ရေးမှူး စသည့် ရာထူးများ ခန့်ထားခြင်း၊ နုတ်ထွက်ခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အလုပ်မှရပ်စဲခြင်း၊ ထုတ်ပယ်ခြင်းတို့နှင့်စပ်လျဉ်း၍ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီများ၏ တင်ပြချက်များကို ကြီးကြပ်ခြင်း၊ အတည်ပြုအမိန့်များ ထုတ်ပြန်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ရန် တာဝန်ပေးအပ်ထားသည့် အရာရှိများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊ စောင့်ရှောက်ရေးမှူးများ၊ အလုပ်သမားမှူးများ၊ လုပ်သားစုမှူးများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်း၊ ယင်းတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း ရှိ/မရှိကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဈ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးရုံးများ (ဌာနခွဲ) များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ကြီးကြပ်ခြင်းနှင့် အတည်ပြုအမိန့်များထုတ်ပြန်ပေးခြင်း၊

(ည) အလုပ်သမားအသစ်များ ခန့်ထားခြင်းနှင့် မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားအင်အားလျှော့ခြင်း၊ ပြစ်မှုကျူးလွန်သောအလုပ်သမားတို့ကို အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များအားမြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးများ၏ တင်ပြချက်များကို ကြီးကြပ်စစ်ဆေးခြင်းနှင့်အတည်ပြုအမိန့်များ ထုတ်ပြန်ပေးခြင်း၊

(ဋ) တိုးချဲ့ဖွင့်လှစ်သော မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးရုံး (ဌာနခွဲ) များ၏ အနည်းဆုံးနှင့် အများဆုံး လုပ်သားအင်အားသတ်မှတ်ပေးခြင်းနှင့် အတည်ပြုခြင်း၊

(ဌ) တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းများရှိ မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများအနက်တစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ၎င်းတို့၏နစ်နာချက်များကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်မှုများပြုလုပ်ခြင်း၊

(ဍ) ကုန်တင်ကုန်ချအလုပ်သမားများ ခန့်ထားခြင်း၊ မှတ်ပုံတင်ခြင်းတို့နှင့်စပ်လျဉ်း၍ စည်းမျဉ်း(သို့မဟုတ်) စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဎ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆထိခိုက်မှုမဖြစ်ပွားစေရေးတို့အတွက် စနစ်တကျဆောင်ရွက်ပေးခြင်းနှင့် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ဏ) ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သက်သာချောင်ချိရေးရန်ပုံငွေများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(တ) တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးအတွက် အမိန့်များ ထုတ်ပြန်ပေးခြင်း၊ လုပ်ငန်းခွင်စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်းများကို ဆောင်ရွက်ခြင်း၊

(ထ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးထားသော ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များကို အခြေခံလျက် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများကို ဖွဲ့စည်းပြီးလုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဒ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးများ၏ ရသုံးမှန်းခြေ (ကော်မတီရန်ပုံငွေ) စာရင်းများအား အတည်ပြုသတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဓ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးများ တိုးချဲ့ဖွဲ့စည်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍မူသတ်မှတ်ခြင်း၊

(န) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးရုံးများ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းခွင့်ပြုချက်ရရှိသူများနှင့် အလုပ်သမားမျိုး အဆင့်ဆင့်တို့၏အဖွဲ့ဝင်များကိုအခြေခံလျက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ပ) တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းနှင့်သက်ဆိုင်သည့် အလံပုံစံ၊ အလံအရွယ်အစား၊ ရုံးတံဆိပ်၊ ရင်ထိုး၊ လက်မောင်းတံဆိပ်နှင့်

ဝတ်စုံ (Uniform) များကို သတ်မှတ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုပြဋ္ဌာန်းခြင်း။

၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများ သက်သာချောင်ချိရေးတို့အတွက် ဤဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(ခ) မြို့နယ်အတွင်း၌ ကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများရှိပါက စနစ်တကျရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဂ) မြို့နယ်အလိုက် သတ်မှတ်ထားသည့် အနည်းဆုံးနှင့်အများဆုံး လုပ်သားအင်အားသတ်မှတ်ချက်များ၊ ကရုဏာကြေးသတ်မှတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များကို ပြုစု၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဃ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံး၏ လစဉ်ရန်ပုံငွေစုဆောင်းရရှိမှုနှင့် အသုံးစရိတ်များ သုံးစွဲမှုများကို ငွေစာရင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း၊

(င) မှတ်ပုံဝင်ကုန်တင်ကုန်ချအလုပ်သမားများအတွက် ဒေသန္တရကုန်ဈေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခနှုန်းထားများ တိုးမြှင့်ရန် လိုအပ်လာပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ၍ ဆက်စပ်ပတ်သက်သည့် ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းခြင်း၊ သင့်တင့်လျောက်ပတ်သည့် ကုန်တင်ကုန်ချလုပ်ခဈေးနှုန်းများကို ပြင်ဆင်သတ်မှတ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်ပြခွင့်ပြုချက်ရယူပြီး တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(စ) ကုန်တင်ကုန်ချလုပ်ခဈေးနှုန်းများ ညှိနှိုင်းဆောင်ရွက်ရာတွင် မြို့နယ်အဆင့်နှင့် မပြီးပြတ်ပါက တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ ဆက်လက်ညှိနှိုင်းပေးရန်အတွက် တင်ပြဆောင်ရွက်ခြင်း၊

(ဆ) မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေ (ကော်မတီရန်ပုံငွေ) စာရင်းကို ဥက္ကဋ္ဌမှ တာဝန်ယူရေးဆွဲ၍ တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဇ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးလက်အောက်ရှိ (ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးရုံးများ) လုပ်ငန်းဌာနခွဲများအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဈ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာ ညွှန်ကြားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၉။ ၁၉၅၉ ခုနှစ် အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959) အရလည်းကောင်း၊ ယင်းအမိန့်တို့အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများအရလည်းကောင်း လုပ်ကိုင်လျက်ရှိသော တိုင်းဒေသကြီးအစိုးရအဖွဲ့လက်အောက်ရှိ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးများသည်

တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဖွင့်လှစ်ထားသည့်အတိုင်း ကုန်တင်ကုန်ချလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့်ရှိရမည်။

၁၀။ ကုန်တင်ကုန်ချအလုပ်သမား (၅၀) ဦးနှင့်အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန်ကာလ (၄) လ ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသော (သို့မဟုတ်) လုပ်ကိုင်လိုသော အောက်ဖော်ပြပါ လုပ်ငန်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာမြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှတစ်ဆင့် သတ်မှတ်ချက်များနှင့်အညီ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာများကို စိစစ်ထောက်ခံတင်ပြချက်နှင့်အတူ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ ခွင့်ပြုချက်လျှောက်ထားရမည် -

(က) ကားကြီးရပ်ကွင်းများ၊ ဈေးများ၊ ပွဲရုံများ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်၊ ဘူတာရုံ စသည့် အများပြည်သူသွားလာရေးဆိုင်ရာနေရာဌာနများရှိ ပုဂ္ဂလိကအဖွဲ့အစည်းများက ကြီးကြပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကုန်တင်ကုန်ချလုပ်ငန်း၊

(ခ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (သို့မဟုတ်) စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်လျက်ရှိသော ဈေးများ၊ လေလံရကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်ကမ်းများရှိ ကုန်တင်ကုန်ချလုပ်ငန်း၊

(ဂ) အစိုးရဌာနမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်း၊

(ဃ) နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသည့် ဌာန၊ အဖွဲ့အစည်းများရှိ ကုန်တင်ကုန်ချလုပ်ငန်း။

၁၁။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ (၁၀) အရ လျှောက်ထားခြင်းကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၂။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာမြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာနခွဲ (ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးရုံး) တစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ထုတ်ပေးထားသော ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုချက်ကို အကြောင်းတစ်ရပ်ရပ်ကြောင့် လိုအပ်ပါက သတ်မှတ်ကာလမတိုင်မီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၆)

## ကုန်တင်ကုန်ချကော်မတီရုံးများကို ဖျက်သိမ်းခြင်း

၁၄။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးတစ်ခုခုသည် လမ်းပန်းဆက်သွယ်မှုအခြေအနေပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာပြောင်းရွှေ့ခြင်း အပါအဝင် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကုန်တင်ကုန်ချလုပ်ငန်းများ လျော့ကျလာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြုချက်သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့် အခြေအနေမျိုး ကြုံတွေ့လာပါက ထိုအခြေအနေကို အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြလျက် ဖျက်သိမ်းခွင့်ပြုရန် တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးရုံးသို့ တင်ပြ၍ ဖျက်သိမ်းခွင့်တောင်းခံရမည်။

၁၅။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ (၁၄) အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးကို ဖျက်သိမ်းခွင့်ပြုနိုင်သည်။

၁၆။ ပုဒ်မ (၁၅) အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးသည် မိမိပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်း ဖျက်သိမ်းရမည်။

၁၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးပါက ယင်းသို့ ဖျက်သိမ်းပြီးစီးကြောင်းကို စာရင်းရှင်းတမ်းအပြည့်အစုံဖြင့် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ အစီရင်ခံတင်ပြရမည်။

၁၈။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး (သို့မဟုတ်) ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံး၏ စာရင်းရှင်းလင်းဖျက်သိမ်းပြီးစီးမှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၇)
## သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးနှင့် လက်အောက်ရှိ ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး (ဌာနခွဲ) ရုံးများသည် မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် သက်သာချောင်ချိရေးရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိရေး ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရ၍ အလုပ်သမားများ၏သက်သာချောင်ချိရေး အကျိုးခံစားခွင့်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငွေလက်ငင်းအကျိုးခံစားခွင့်တွင် မကျန်းမာမှုဆိုင်ရာခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုခံစားခွင့်၊ သက်ကြီးရွယ်အိုခံစားခွင့်၊ မသန်စွမ်းမှုဆိုင်ရာခံစားခွင့်၊ အလုပ်မှနုတ်ထွက်မှုဆိုင်ရာခံစားခွင့်၊ သေဆုံးမှုဆိုင်ရာခံစားခွင့်၊ မီးဖွားမှုဆိုင်ရာခံစားခွင့်၊ ပညာရေးဆိုင်ရာခံစားခွင့်များကို ခံစားစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သောမြို့နယ်ဖြစ်ပါက ထိုအလုပ်သမားသည် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ရှိစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးမဝင်သော အလုပ်သမားဖြစ်ပါက မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိစေရမည်။

(ခ) လုပ်ငန်းခွင်အတွင်း သက်သာချောင်ချိရေးခံစားခွင့်ရရှိစေရန် လိုအပ်သော လုပ်ငန်းခွင်သုံးကိရိယာများ လုံလောက်စွာစီစဉ်ထားရှိခြင်း၊ သန့်ရှင်းစင်ကြယ်သော သောက်သုံးရေများ လုံလောက်စွာထားရှိခြင်း၊ ရှေးဦးသူနာပြုသေတ္တာနှင့် လိုအပ်သောဆေးဝါးများ စီစဉ်ထားရှိခြင်း၊ တူညီဝတ်စုံများထုတ်ပေးခြင်းများကို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းခွင်ပြင်ပ သက်သာချောင်ချိရေးခံစားခွင့်များ ရရှိစေရန် လုပ်သားများ အားလပ်ချိန်တွင် နားနေနိုင်ရန် အလုပ်သမားရိပ်သာများ ဆောက်လုပ်ပေးခြင်း၊ ကွပ်ပျစ်/ဖယောင်းပုဆိုး/ဖျာများ စီစဉ်ပေးခြင်း၊ သန့်စင်ခန်း/ရေချိုးခန်းများ လုံလောက်စွာစီစဉ်ပေးခြင်း၊ ဗဟုသုတတိုးပွားစေရန် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ဂြိုဟ်တုရုပ်သံဖမ်းစက်များ စီစဉ်ထားရှိခြင်း၊ စာကြည့်တိုက်/စာဖတ်ခန်းများ စီစဉ်ထားရှိခြင်းတို့ကို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

၂၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေးရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးနှုန်း သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးနှုန်းသတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၈)
## လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း

၂၂။ သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းပမာဏများနှင့် လုပ်ငန်းလုပ်ကွက်များကို အခြေခံ၍ သယ်ယူပို့ဆောင်မှုနှင့် အတင်အချလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်နိုင်ရန်၊ လုပ်သားများ၏ လုပ်အားကို မျှတစေရန်၊ အလုပ်သမားတစ်ဦးစီ၏လုပ်ခဝင်ငွေများ လျော့နည်းကျဆင်းမှုမရှိစေရန်အတွက် မြို့နယ်အလိုက် ရှိသင့်သည့် အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံးလုပ်သားအင်အားသတ်မှတ်ချက်များကို မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးသည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၂၃။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏ အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံး လုပ်သားအင်အားသတ်မှတ်ချက်များမှ လုပ်ငန်းအခြေအနေနှင့် လိုက်လျောညီထွေရှိစေရေးအတွက် (၁) နှစ် တစ်ကြိမ် စိစစ်သုံးသပ်၍ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြရမည်။ အင်အားသတ်မှတ်ချက်ပြောင်းလဲရန် လိုအပ်လာပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ဆုံးဖြတ်ချက်ရယူကာ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ပြင်ဆင်အတည်ပြုချက် ရယူရမည်။

## အခန်း (၉)
## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

၂၄။ လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်သမားတစ်ဦး၏အင်အားကို မထိခိုက်စေရန် **ILO Convention 127** အရ **Recommendation 128** တွင် သတ်မှတ်ထားသည့် အောက်ဖော်ပြပါ အလေးချိန်များအတိုင်း ဆောင်ရွက်စေရမည် -

(က) ပေါင်အလေးချိန်ဖြင့် တွက်ချက်သောကုန်ပစ္စည်းဖြစ်ပါက (၁၂၁) ပေါင်အထက် မကျော်လွန်စေရ။

(ခ) ပိဿာအလေးချိန်ဖြင့် တွက်ချက်သောကုန်ပစ္စည်းဖြစ်ပါက (၃၃.၆) ပိဿာထက် မကျော်လွန်စေရ။

(ဂ) ကီလိုအလေးချိန်ဖြင့် တွက်ချက်သောကုန်ပစ္စည်းဖြစ်ပါက (၅၅) ကီလိုထက် မကျော်လွန်စေရ။

(ဃ) ကုန်ပစ္စည်းများကို အလေးချိန် ချိန်တွယ်ရာတွင် နေရာ၊ ကြီးကြပ်သူနှင့် လိုအပ်သည့် လုပ်ခွင်သုံးများကို စနစ်တကျထားရှိရမည်။

၂၅။ အထက်ဖော်ပြပါ အလေးချိန်များထက်ကျော်လွန်သောကုန်ပစ္စည်းများ ဆောင်ရွက်ပါက အလုပ်သမားများ ဝန်မပိစေရေးအတွက် ကုန်ပစ္စည်း၏အလေးချိန်၊ အရွယ်ပမာဏကို သုံးသပ်၍ အလုပ်သမားနှစ်ဦး (သို့မဟုတ်) လိုအပ်သည့် အလုပ်သမားဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

၂၆။ စက်ပစ္စည်းများ၊ ပေကျိုကုန်ပစ္စည်းများ၊ မီးလောင်ပေါက်ကွဲလွယ်သော ကုန်ပစ္စည်းများအား အတင်အချလုပ်ငန်းများ ဆောင်ရွက်ပါက စနစ်တကျကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## လုပ်ခနှုန်းထားများ သတ်မှတ်ခြင်း

၂၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများမှ ဆောင်ရွက်လျက်ရှိသော လုပ်ခနှုန်းထားများသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုထားသော လုပ်ခနှုန်းထားများသာ ဖြစ်ရမည်။

၂၈။ သတ်မှတ်အတည်ပြုထားသော လုပ်ခနှုန်းထားများသည် ဒေသန္တရကာလနှင့်လျော်ညီစေရန် တိုးမြှင့် ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက (၁) နှစ် တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုပြင်ဆင်သတ်မှတ်ထားသည့် လုပ်ခနှုန်းထားများကို စနစ်တကျပြုစု၍ အတည်ပြုစာနှင့်အတူ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၁၁)
## လုပ်ငန်းခွင်စည်းကမ်းများ သတ်မှတ်ခြင်းနှင့်အရေးယူခြင်း

၃၀။ ကုန်တင်ကုန်ချလုပ်ငန်းသဘာဝအရ အလုပ်ချိန်တိတိကျကျသတ်မှတ်ရန် မဖြစ်နိုင်သော်လည်း မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏လုပ်ငန်းသဘာဝနှင့် ကိုက်ညီသော အလုပ်သမား ဂိုဏ်းချချိန်နှင့် ဂိုဏ်းသိမ်းချိန်များကို မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ ဆုံးဖြတ်ချက်များဖြင့် သတ်မှတ် ထားရှိရမည်။

၃၁။ လုပ်သားများ လုပ်ငန်းခွင်တွင် စည်းကမ်းတကျရှိစေရန် အလုပ်မဆင်းနိုင်သည့် လုပ်သားများအတွက် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ခွင့်ခံစားနိုင်စေရန် ခွင့်ရက်များကို သတ်မှတ်ပေးရမည်။

၃၂။ ကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း တာဝန်ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းပျက်စီး ဆုံးရှုံးခြင်း၊ ကုန်ပစ္စည်းခိုးယူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်သောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ လူစားထိုးခိုင်းစေခြင်း၊ ကိုယ်ကျိုးရှာမှုနှင့် အလွဲသုံးစားမှုများမဖြစ်ပွားစေရေးအတွက် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သော စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

(က) သက်ဆိုင်ရာကုန်တင်ကုန်ချလုပ်ငန်း (သို့မဟုတ်) ကုန်စည်အမျိုးအစားအလိုက် သတ်မှတ် ထားသော အခကြေးငွေထက်ပိုမို၍ အများပြည်သူများထံမှ မတန်တဆလုပ်အားခ တောင်းခံခြင်း၊

(ခ) သက်ဆိုင်ရာကုန်တင်ကုန်ချလုပ်ငန်း (သို့မဟုတ်) ကုန်စည်အမျိုးအစားအလိုက် သတ်မှတ် ထားသော လုပ်အားခများအား ပေးချေရန် ပျက်ကွက်ခြင်း၊

(ဂ) ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်နှင့်စပ်လျဉ်း၍ စည်းကမ်းချက်တစ်ခုခုကို ချိုးဖောက်ခြင်း၊

(ဃ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ တာဝန်ပေးချက်အရ ကော်မတီ (သို့မဟုတ်) ကော်မတီဝင်တစ်ဦးဦးက ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်အရ စုံစမ်းစစ်ဆေးမှုကို တားဆီးခြင်း (သို့မဟုတ်) ဟန့်တားနှောင့်ယှက်ခြင်း (သို့မဟုတ်) အနိုင်အထက်ပြုခြင်း (သို့မဟုတ်) ခြိမ်းခြောက်ခြင်း၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားခငွေများအား ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ခွဲဝေပေးရန် ပျက်ကွက်ခြင်း။

၃၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၃) နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

(က) ပုဒ်မ (၉) နှင့် ပုဒ်မ (၁၀) အရ ခွင့်ပြုချက်ရယူရန် လိုအပ်သော ကုန်တင်ကုန်ချလုပ်ငန်းကို ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ခြင်း၊

(ခ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသည့် ကရုဏာကြေးနှင့် ထောက်ပံ့ကြေးတို့ကို သက်သာချောင်ချိရေးရန်ပုံငွေ ထုတ်ပေးရန် ပျက်ကွက်ခြင်းနှင့် အလွဲသုံးစားပြုလုပ်ခြင်း။

## အခန်း (၁၃)

## အထွေထွေ

၃၅။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက် ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းခွင့်ပြုချက်သက်တမ်း၊ လုပ်ငန်းခွင့်ပြုချက်အခကြေးငွေ၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ရမည်။

၃၆။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းကိုမဆို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူက သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

၃၇။ ၁၉၅၉ ခုနှစ် အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959) နှင့် ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများ၊ ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ၂၀၀၇ ခုနှစ်တွင် ထုတ်ပြန်သည့် အလုပ်သမားဝန်ကြီးဌာန ငွေစာရင်းဆိုင်ရာလက်စွဲစာစောင်တို့သည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဝန်ကြီးချုပ်၊
တိုင်းဒေသကြီးအစိုးရအဖွဲ့၊
ရန်ကုန်တိုင်းဒေသကြီး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )

**ပြည်ထောင်စုလွှတ်တော် နာယကနှင့်ဒုတိယနာယက တာဝန်ထမ်းဆောင်ခြင်း**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက် (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်) နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆ နှင့် နည်းဥပဒေ ၅ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာတို့သည် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကို ထမ်းဆောင်သည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) နေပြည်တော်မှ မှတ်ပုံတင်အရာရှိ (ကြည်း) ၁၉၀၄၅ ဒုတိယဗိုလ်မှူးကြီးစိုးထက်အား အမျိုးသားလွှတ်တော်ရုံး၊ စီမံရေး၊ ဘဏ္ဍာရေး၊ လုံခြုံရေးနှင့်

ကျန်းမာရေးဌာနကြီး၏ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူး၌ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
သီတာထွန်း၊
ဒုတိယညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန
## (အုပ်ချုပ်ရေးနှင့်ဝန်ထမ်းရေးရာဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် )

**စာရေးဝန်ထမ်းအား ပြောင်းရွှေ့ခန့်ထားခြင်း**

အမှတ် ၄၀၉/၂၀၁၃ ။ ။ ဘရပ်ဆဲလ်မြို့ မြန်မာသံရုံးမှ သံရုံးစာရေး ဦးအေးကိုအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနခွဲစာရေးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
မြင့်ဆွေ၊
ဒုတိယညွှန်ကြားရေးမှူးချုပ်၊
စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန။

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် )

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းစခန်းရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်အင်ဂျင်နီယာ၊ ဦးဒေဝအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်၊ ပြည်နယ်မန်နေဂျာရုံးရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် မန်နဂျာအဖြစ် တိုးမြှင့်ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်

သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းစခန်းရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်မန်နေဂျာ၊ ဒေါ်လဲ့လဲ့ဝင်းအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်စီမံရေးရာဌာနရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် မန်နေဂျာအဖြစ် တိုးမြှင့်ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်းရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်မန်နေဂျာ၊ ဒေါ်ခင်အေးမြင့်အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေး စခန်းရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် မန်နေဂျာအဖြစ် တိုးမြှင့်တာဝန်ချထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စာရွေးစာပို့စခန်းရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်းဝင် လက်ထောက်မန်နေဂျာ၊ ဒေါ်စန်းစန်းညွန့်အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် မန်နေဂျာအဖြစ် တိုးမြှင့်ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၃၇၂၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်စီမံရေးရာဌာနမှ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်းဝင် မန်နေဂျာ ဦးဝင်းမြင့်အား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်စီမံရေးရာဌာနရှိ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်းဝင် လက်ထောက်အထွေထွေမန်နေဂျာအဖြစ် တိုးမြှင့်တာဝန်ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၃)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၃၇၂၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းမှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်းဝင် ဒုတိယကျောင်းအုပ် ဒေါ်ရွှေမြသန်း

အား အလုပ်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စာရွေးစာပို့စခန်းရှိ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်းဝင် လက်ထောက်အထွေထွေမန်နေဂျာအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

အောင်မော်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

## မြေတိုင်းဦးစီးဌာန

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

အမှတ် ၅ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (ဆ) (၈)/(၇၉၄/၂၀၁၃) အရ မြေတိုင်းဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဌာနခွဲများရှိ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများသို့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

| စဉ် | အမည် | ခန့်ထားသည့်ဌာနခွဲ |
|---|---|---|
| ၁။ | ဦးအောင်မိုး | ညွှန်ကြားရေးမှူးချုပ်ရုံး (နေပြည်တော်) |
| ၂။ | ဦးကိုလတ် | ဘူမိပမာဏနှင့် အမှတ် (၂) မြေတိုင်းဌာနခွဲ (နေပြည်တော်) |

အမှတ် ၆ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (ဆ) (၈)/(၇၉၅/၂၀၁၃) အရ မြေတိုင်းဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဌာနစုများသို့ လက်ထောက်ညွှန်ကြားရေးမှူးရာထူးဖြင့် လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည် | လက်ရှိဌာနစု | ပြောင်းရွှေ့တာဝန်ချထားသည့်ဌာနစု |
|---|---|---|---|
| ၁။ | ဦးအောင်အောင် | လေ့ကျင့်သင်ကြားရေးဌာနစု<br>ပြင်ဦးလွင် | ဗဟိုပစ္စည်းနှင့်မှတ်တမ်းဌာနစု<br>ညွှန်ကြားရေးမှူးချုပ်ရုံး<br>နေပြည်တော် |
| ၂။ | ဦးငွေလှိုင် | ဗဟိုပစ္စည်းနှင့်မှတ်တမ်းဌာနစု<br>ညွှန်ကြားရေးမှူးချုပ်ရုံး<br>နေပြည်တော် | လေ့ကျင့်သင်ကြားရေးဌာနစု<br>ပြင်ဦးလွင် |

သန်းလှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
မြေတိုင်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ချယ်ရီပွင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**CHERRY BLOSSOM TRADING CO., LTD**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ချယ်ရီပွင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (CHERRY BLOSSOM TRADING CO., LTD)** အား (၁၇-၁၀-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သီသီမွန်
မန်နေးဂျင်းဒါရိုက်တာ
ချယ်ရီပွင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၀/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**Thanda Moe Trading Company Limited**

(အစုရှင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

{ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) }

**Thanda Moe Trading Company Limited** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည် -

နေ့ရက် - ၂၅-၁၁-၂၀၁၃
အချိန် - နံနက် ၉း၃၀ နာရီ
နေရာ - ကုမ္ပဏီရုံးခန်း
အမှတ်-၁၃၄၊ (ဒု) ထပ်၊ (၄၆) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

အဆိုပါအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ နောက်ဆုံးအစီရင်ခံစာကို တင်သွင်းအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးဆန်းထွန်း
B.Com, C.P.A, F.B.S.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
လက်မှတ်ရပြည်သူ့စာရင်းကိုင်
(စာရင်းစစ်)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ

**ရခိုင် ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

**(Rakhine Fisheries Company Limited)**

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**ရခိုင် ရေလုပ်ငန်းကုမ္ပဏီလီမိတက် (Rakhine Fisheries Company Limited)** ၏ အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေအစည်းအဝေးကြီးအား ကုမ္ပဏီ၏ ရုံးခန်းလိပ်စာဖြစ်သော အမှတ် (၂၃/ဘီ)၊ ကွင်းကျောင်းလမ်း၊ ၈ဋ္ဌုန်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန် (၂၅-၁၁-၂၀၁၃) နေ့လယ် (၁း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ် - ၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ

**ပြည့်စံအိမ် ကုမ္ပဏီလီမိတက်**

**(Pyae San Eain Company Limited)**

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**ပြည့်စံအိမ် ကုမ္ပဏီလီမိတက် (Pyae San Eain Company Limited)** ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေအစည်းအဝေးကြီးအား ကုမ္ပဏီ၏ ရုံးခန်းလိပ်စာဖြစ်သော အမှတ်-၁၆၅၊ အလုံလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန် (၂၅-၁၁-၂၀၁၃) နေ့လယ် (၁း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကုမ္ပဏီ၏အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရူ(ပ်)
အမှတ် - ၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

**သေးငယ်သော အထည်ချုပ်ကုမ္ပဏီလီမိတက်**

(အစုရှယ်ယာရှင်များ၏ဆန္ဒအရဖျက်သိမ်းဆဲ)

**မြီရှင်များသို့ သတိပေးချက်**

**သေးငယ်သော အထည်ချုပ်ကုမ္ပဏီလီမိတက် (Micro Garment Co., Ltd.,)** ဒါရိုက်တာအဖွဲ့၏ (၁၈-၁၀-၂၀၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သေးငယ်သော အထည်ချုပ်ကုမ္ပဏီလီမိတက် (Micro Garment Co., Ltd.,)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးအောင်သိန်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့ နောက်ဆုံးထား၍ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာအတိုင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်သိန်း
(B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## WIN WIN WIN INTERNATIONAL CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-ဂ အရ ဖျက်သိမ်းဆဲ **WIN WIN WIN INTERNATIONAL CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၅-၁၁-၂၀၁၃ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## နယူးတိုင်း(မ်) အင် ပက်(စ်) ကုမ္ပဏီလီမိတက်
## NEW TIME IMPEX COMPANY LIMITED.
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နယူးတိုင်း(မ်) အင် ပက်(စ်) ကုမ္ပဏီလီမိတက် (NEW TIME IMPEX CO., LTD.)** အား (၂၄-၁၀-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးသန်းဝင်းအောင်
Managing Director
New Time Impex Co., Ltd.

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၂၅-၁၀-၂၀၁၃။